မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ချမ်းသာ၏

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ တနလင်္ဂနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၈၇)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည့် ခရစ်တော်မွေးနေ့ ဝတ်ပြုဆုတောင်းခြင်းနှင့် ခရစ္စမတ်အထိမ်းအမှတ် မိတ်ဆုံစားပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၅

ခရစ်တော်မွေးနေ့ ဝတ်ပြုဆုတောင်းခြင်းနှင့် ခရစ္စမတ်အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ နေအိမ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏နေအိမ်၌ ကျင်းပသည့် ခရစ်တော်မွေးနေ့ ဝတ်ပြုဆုတောင်းခြင်းနှင့် ခရစ္စမတ်အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနား တက်ရောက်စဉ်

ခရစ်ယာန်ဘာသာဝင်များရှိရာ နေရာတိုင်း၌ ခရစ္စမတ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

စာ » ၃

ကျွန်တော်နဲ့ ပဋိပက္ခ ဖြေရှင်းမှု

စာ » ၆

တရုတ်လေယာဉ်တင်သင်္ဘော အနောက်ပစိဖိတ်၌ စစ်ရေးလေ့ကျင့်မည်

စာ » ၁၀

Go cashless with

AGDpay

A PRODUCT OF AGDBANK

Asia Green Development Bank Limited.

၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီးတည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့၏ နိုင်ငံရေးအနှစ်သာရ

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ပါသည်။ အဆိုပါ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ သောင်ပြိုကမ်းပြိုဆန္ဒမဲဖြင့် တိုင်းပြည်၏အချုပ်အခြာအာဏာကို ရယူခဲ့သော လူထုအစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် လွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒကို တစ်ခဲနက်ကိုယ်စားပြုသော လူထုအစိုးရသစ်က တိုင်းပြည်၏အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးနေခြင်းသည် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၏ ကောင်းချီးမင်္ဂလာကို ပြီးပြည့်စုံစေပါသည်။

တိုင်းပြည်၏ ဒီမိုကရေစီရေးအတွက် နှစ်ပေါင်းများစွာ ခေါင်းဆောင်ကြိုးပမ်းခဲ့သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို အခြေခံလျက် ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေး ကြိုးပမ်းနေမှုသည် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့၏ နိုင်ငံရေးအဓိပ္ပာယ်ကို ပိုမိုလေးနက်စေပါသည်။ တိုင်းပြည်၏လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့ရသည့် ပြည်တွင်းစစ်မီး ငြိမ်းသတ်နိုင်ရေးအတွက် (၂၁) ရာစုပင်လုံညီလာခံ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ပစ္စုပ္ပန်ကာလသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အမျိုးသားခေါင်းဆောင်ကြီးများချမှတ်ခဲ့သည့် အမျိုးသားလွတ်မြောက်ရေး၏ ဦးတည်ချက်များ ပြည့်ဝရေးအတွက် စိတ်အားတက်စရာ အချိန်ကာလလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် အထီးကျန်ဆန်သော (သို့မဟုတ်)မထင်ရှားသောအခန်းကဏ္ဍမှ နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ရာမှ လူထုအစိုးရသစ်လက်ထက်၌ ဂုဏ်သိက္ခာရှိရှိ ထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်လာခြင်းသည် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့၏ ခုံညားထည်ဝါမှုကို ပိုမိုပေါ်လွင်စေပါသည်။ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏အရေးကိစ္စများကို အရေးတယူ ပြောဆိုဆွေးနွေးလာသကဲ့သို့ ကမ္ဘာ့နိုင်ငံများ၏ ခေါင်းဆောင်များသည်လည်း မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့စီးပွားရေးစနစ်၌ အရေးပါသည့် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကဲ့သို့သော အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူထုအစိုးရသစ်နှင့် အနီးကပ်ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံရေးအနှစ်သာရသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရမည်ဟူသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ သန္ဓိဋ္ဌာန်ကို ပီပြင်ခိုင်မာစေခြင်းဖြစ်သည်ဟု လေးစားစွာ ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

ဆယ်ကျော်သက်လူငယ်များ တွေ့ဆုံပွဲ ကျင်းပ

မြိုင် ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အက်ရှင်အေ့ဒ်(မြန်မာ) စီမံကိန်းအဖွဲ့က ဦးဆောင်၍ စီမံကိန်းဝင်ကျေးရွာပေါင်း ၃၀ မှ ဆယ်ကျော်သက်လူငယ်များ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၄ ရက်က မြိုင်မြို့အမှတ်(၂) ရပ်ကွက် နံ့သာမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက အမှာစကားပြောကြားပြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ဦးရဲထွင့်တို့က လူငယ်များအကြောင်း သိကောင်းစရာများ ဆွေးနွေးပြောကြားပြီး စာရေးဆရာဦးဘုန်း(ဓာတု)က I Love You ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ထန်လျန်မန်းက ဆယ်ကျော်သက်လူငယ်များအတွက် ဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဆယ်ကျော်သက်လူငယ်များက အုပ်စုခွဲ၍ လူငယ်များ တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြေရှင်းနည်းများနှင့် ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်ကျော်မြင့်

လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲကျင်းပ

လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၅

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးပြီး ပညာရေးဌာနနှင့်ပူးပေါင်းကာ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကို မြို့မမ္မာရုံ Sunday School ၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့ရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာမိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၃၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၃၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၆၅၀/၆၇၅ ကျပ်
အောက်တိန်း ၉၂	၆၆၀/၆၉၅ ကျပ်
အောက်တိန်း ၉၅	၇၁၀/၇၂၀ ကျပ်
ပရီမီယံဒီဇယ်	၆၇၀/၇၁၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ပဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၇၅ . ၀
ဥရောပ	တစ်ယူရို	၁၄၃၃ . ၆
စင်ကာပူ	တစ်ဒေါ်လာ	၉၄၈ . ၈၈
ထိုင်း	တစ်ဘတ်	၃၈ . ၂၄
အိန္ဒိယ	တစ်ရူပီး	၂၀ . ၁၉
တရုတ်	တစ်ယွမ်	၁၉၆ . ၈၃
မလေးရှား	တစ်ရင်းဂစ်	၃၀၆ . ၂၁

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းများ	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဒီဇိုင် ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီပန်ထီးယူနှင့်ဇနီးတို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏နေအိမ်၌ ကျင်းပသည့် ခရစ်တော်မွေးနေ့ ဝတ်ပြုဆုတောင်းခြင်းနှင့် ခရစ္စမတ်အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

❁ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ မိသားစုက ကြိုဆိုနှုတ်ဆက်ကြပြီး ခရစ္စမတ် ဆုမွန်ကောင်းတောင်းပေးကြသည်။

အလားတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရှေလွှမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး မိသားစုတို့က ကြိုဆိုနှုတ်ဆက်၍ ခရစ္စမတ်ဆုမွန်ကောင်းတောင်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ခရစ္စမတ်အထိမ်းအမှတ်မိတ်ဆုံစားပွဲ နံနက်စာကို အတူတကွ သုံးဆောင်ပြီး ခရစ္စမတ်ဆုမွန်ကောင်းများ တောင်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ခရစ်ယာန်ဘာသာဝင်များရှိရာ နေရာတိုင်း၌ ခရစ္စမတ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ခရစ်တော်ဘုရားကြွလာခြင်း၊ ခရစ်တော်မွေးဖွားခြင်းဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)ကို ကမ္ဘာ့တစ်နေ့ရှိ ခရစ်ယာန်ဘာသာဝင်များရှိရာ နိုင်ငံတိုင်း၌ ခရစ္စမတ်နေ့ အခမ်းအနားကို ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ၌လည်း ယနေ့နံနက်ပိုင်းမှ စတင်ကာ ခရစ်ယာန်ဘုရားကျောင်းများ၌ ခရစ္စမတ်သတင်းကောင်း ဝေဍခြင်း၊ ခရစ္စမတ်တေးသံသာများ သီဆိုခြင်း၊ မစ္ဆာတရားတော်မြတ်ပူဇော်ခြင်းများကို ကျင်းပခဲ့သည်။

ရန်ကုန်မြို့ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ စိန်မေရီကာသီခြယ်ဘုရားကျောင်း၌လည်း ခရစ္စမတ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ခရစ္စမတ်နေ့ကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး ကလျာဏယုဝ ခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာသာဥာဏ်က "ခရစ္စမတ်ဆိုတာ ခရစ်တော်ဘုရားမွေးနေ့ဖြစ်တယ်၊ ခရစ်တော်ဘုရားမွေးနေ့ဟာ ထူးခြားတယ်၊ ခရစ်တော်ဘုရားကို ဘုရားရှင်လို့ ယုံကြည်ပြီး ခရစ်တော်ဘုရားနောက်တော်ပါးကို ထက်ကြပ်မကွာလိုက်တဲ့သူတွေ၊ ယုံကြည်တဲ့သူတွေ၊ ဩဝါဒနောက်လိုက်မယ့်သူတွေ၊ သွန်သင်ဆုံးမချက်ကို နားထောင်တဲ့သူတွေအားလုံးက ခရစ္စမတ်နေ့ကို ကျင်းပတယ်"ဟု ပြောကြားသည်။

"ခရစ္စမတ်နေ့ဆိုတော့ မိသားစုလိုက် ဘုရားကျောင်းကို လာဖြစ်တယ်။ နံနက်ခင်းမှာ ကလေးတွေအတွက် မစ္ဆာတရားတော်ပွဲရှိတဲ့အပြင် ပျော်ပွဲရွှင်ပွဲ ကစားပွဲတွေလုပ်ပေးထားတဲ့အတွက် သူတို့တစ်တွေလည်း ပျော်နေကြတယ်။ လူကြီးတွေအတွက်လည်း ဆရာတော်တွေရဲ့တရားတော်တွေကို နာယူရတဲ့အတွက် ဒီနေ့ဟာ တန်ဖိုးရှိတဲ့ နေ့တစ်နေ့ပါပဲ"ဟု အဆိုပါဘုရားကျောင်းသို့ လာရောက်ဝတ်ပြုဆုတောင်းသူ တာမွေမြိုနယ်မှ ဒေါ်သီတာက ပြောကြားသည်။

ထို့အတူ ကျောက်တံတားမြို့နယ်ရှိ ဧမောနွေလဘုရားကျောင်း၌လည်း ခရစ္စမတ်နေ့တွင် ခရစ္စမတ်တေးသံသာများ၊ တရားဓမ္မရွတ်ဆိုသံများဖြင့် စည်ကားလျက်ရှိသည်။

"ခရစ်တော်မွေးနေ့ကို ကြိုဆိုပြီး လုပ်တယ်၊ သီချင်းဆိုတယ်၊ ဂုဏ်တော်တွေ ချီးမွမ်းတယ်၊ ဒေသနာတော်တွေဟောတယ်၊ ဝမ်းမြောက်ဖွယ် ဂုဏ်ပြုအစီအစဉ်တွေလုပ်တယ်၊ ခရစ်ယာန်ဘာသာဝင်မှ မဟုတ်ဘူး၊ ဘာသာပေါင်းစုံကလည်း ပါဝင်ကြတယ်၊ ခရစ်တော်မွေးနေ့ကို ကြိုဆိုပြီး ဝမ်းသာကြတဲ့အတွက် အလွန်ဝမ်းသာပါတယ်"ဟု ဧမောနွေလဘုရားကျောင်း စီနီယာသင်းအုပ်ဆရာ Rev. Dr. Yaw Lah က ပြောကြားသည်။

ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘုရားကျောင်းများ၌ ဓမ္မတေးသီချင်း သီဆိုခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများအပြင် ခရစ်ယာန်ဘာသာဝင်တို့၏ နေအိမ်များ၌လည်း အလှူအတန်းများ ပြုလုပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးခြင်းများကိုလည်း ပြုလုပ်ကြသည်။

ကလျာဏယုဝခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာသာဥာဏ်က "ခရစ္စမတ်နေ့ ဘုရားရှင်မွေးနေ့မှာ ပျော်ကြတယ်၊ အချင်းချင်း ချစ်ကြတယ်၊ လက်ဆောင်တွေပေးကြတယ်၊ လက်တွေ့အားဖြင့် တန်ဖိုးကြီးဖို့ မလိုဘူး၊ မေတ္တာပါတဲ့ လက်ဆောင်ပေးကြတယ်"ဟု ပြောကြားသည်။

ခရစ္စမတ်နေ့တွင် ဧမောနွေလဘုရားကျောင်း စီနီယာသင်းအုပ်ဆရာက ခရစ္စမတ်နေ့မှာ မြန်မာပြည်ကြီး ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်းရှိပါစေ၊ တိုင်းပြည်အုပ်ချုပ်တဲ့ နိုင်ငံတော်သမ္မတမှအစ နိုင်ငံတော်အကြီးအကဲများ၊ တိုင်းသူပြည်သားများ ဘုရားသခင်ကောင်းချီးပေးပါစေ"ဟု ဆုတောင်းမေတ္တာစကားပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း၌လည်း ခရစ္စမတ်နေ့ အခမ်းအနားကို ပြုလုပ်ရာ နံနက်ပိုင်းတွင် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ကျွေးမွေးဧည့်ခံခြင်းများကို ပြုလုပ်ခဲ့ပြီး ညပိုင်းတွင် ခရစ္စမတ်ချီးမွမ်းသီချင်းများဖြင့် သီဆိုဆုတောင်းမှုများပြုလုပ်ခဲ့ကြသည်။

"ဒီပွဲတော်ဟာဆိုရင် ဘုရားသခင်အနေနဲ့ ကမ္ဘာ့လောကက လူထုကြီးနဲ့တွေ့ဆုံတဲ့ပွဲပါ။ ဒီနေ့မှာဆိုရင် တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် လက်ဆောင်တွေ ပေးကြတယ်၊ ဒါကြောင့် မြင်မ်းချမ်းတဲ့ နေရာတွေမှာ ရောက်နေတဲ့သူတွေကိုလည်း ဘုရားသခင် ကယ်မသနားပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်"ဟု ကျေးဇူးတော်မြတ် နှစ်ခြင်းအသင်းတော် သင်းအုပ် မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာဦးသိန်းလွင်က ပြောကြားသည်။

ထို့အတူ ရန်ကုန်မြို့၏ အထင်ကရနေရာများ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ကြပြီး လာရောက်သူများအား အမှတ်တရလက်ဆောင်များ ဝေဍခြင်း၊ ပရဟိတလူငယ်များက ခရစ္စမတ်နေ့အထိမ်းအမှတ်ဦးထုပ်နှင့် ဝတ်စုံများကို ဝတ်ဆင်၍ လူစည်ကားသည့်နေရာများ၌ ကလေးငယ်များကို အစားအသောက်နှင့်မုန့်များ ဝေဍခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ရန်ကုန်မြို့ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ စိန်မေရီကာသီခြယ်ဘုရားကျောင်းကို ခရစ္စမတ်နေ့အခမ်းအနား ကျင်းပစဉ်

သတင်း- မင်းသစ်၊ဇော်ကြီး(ပဏာမတ)

ဓာတ်ပုံ-ရဲထွဋ်

စည်ပင်အေးချမ်းသာယာသော ရန်ကုန်မြို့ရဲ့ ခရစ္စမတ်ည

ရန်ကုန် ဒီဇင်ဘာ ၂၅

ယနေ့သည် ခရစ်ယာန်သာသနာတော်ဝင်တို့ရဲ့ အမြတ်တနိုးတန်ဖိုးထားရာ ခရစ်တော်ဖွားမြင်တော်မူသော ခရစ္စမတ်ညဖြစ်သည်။ ခရစ္စမတ်ညတွင် တိတ်ဆိတ်သော အမှောင်ညကို အလင်းဆောင်စေသည့် အတိတ်နိမိတ်ဖြင့် ရန်ကုန်မြို့တော်ကြီး တစ်ခုလုံးကိုရောင်စုံမီးအလှများဖြင့် အလင်းရောင်များပေးကာ ခရစ်တော်ဝင်သူတော်စင်တို့က အေးချမ်းသာယာမှုကိုယူစေသော ညဟုဆိုကြသည်။ အမှောင်ခွင်း၍ အလင်းဆောင်စေကာ ကောင်းမွန်သည့် အတိတ်နိမိတ်ကိုယူဆောင်စေသော နေ့ဟု မှတ်ယူကြသည်။ အမှောင်နှင့်အတူ မကောင်းမှုအညစ်အကြေးများကို အလင်းရောင်ဖြင့် ဖယ်ရှားမည်ဆိုသည့် အဓိပ္ပာယ်ဖော်ဆောင်မှုက ပြည်သူ့အများ စိတ်ဘဝင် စည်ပင်အေးချမ်းသာယာမှုကို အမှန်ပင်ဖြစ်စေသည်။

"ယမန်နေ့ညကတော့ ညသန်းခေါင်မဆွားချိန်မှာ ကျင်းပတဲ့ ခရစ္စမတ်အကြိုပွဲတော်ကို ကျင်းပတယ်။ ခရစ္စမတ်စတိုရီဆိုပြီးတော့ ခရစ်တော်ဖွားမြင်တာနဲ့ ပတ်သက်ပြီး အထိမ်းအမှတ်လုပ်ခဲ့တဲ့သဘောပါ။ သီချင်းတွေ၊ တေးသရုပ်ဖော်တွေနဲ့ ဖျော်ဖြေခဲ့တယ်။ အဲဒီနောက် ခရစ်တော်မွေးလာတဲ့နောက်မှာ ပြည်သူတွေရဲ့အပြစ်တွေကို ခရစ်တော်က ထိန်းချုပ်ဖယ်ရှားစေပြီးတော့ လာမယ့် ၂၀၁၇ နှစ်သစ်မှာ မြန်မာနိုင်ငံကို ငြိမ်းချမ်းမှုတွေ ယူဆောင်လာမယ့် ဆုမွန်ကောင်းတောင်းခြေမှုတွေကို ဂိုဏ်းချုပ်ကြီးက ဆုတောင်းထောမနာ ပြုခဲ့တယ်။ လာမယ့်နှစ်မှာ ခရစ်တော်က ငြိမ်းချမ်းမှုအပြည့်ပေးမယ်လို့ ယုံကြည်တယ်။ ဒါ့ကြောင့် လာမယ့်နှစ်သစ်မှာ ခရစ်ယာန်ဘာသာဝင်တွေအနေနဲ့ ဆုတောင်းခြင်းတွေ ပြုရမယ်။ ဒီနေ့ခရစ္စမတ်နေ့မှာတော့ ခရစ်တော်ပူဇော်ပွဲတွေကိုအဓိကလုပ်ခဲ့တာဖြစ်တယ်"ဟု ရန်ကုန်မြို့ ဝိုလ်အောင်ကျော်လမ်းရှိ စိန်မေရီကာသီခြယ်ဘုရားကျောင်းမှ လက်ထောက်ဆရာတော် ဖယ်သာရောဘတ်ဝင်းသိန်းက ပြောကြားသည်။

ရန်ကုန်မြို့ကန်တော်ကြီးပတ်လမ်း၌ ပြည်သူများအေးချမ်းသာယာစွာ အပန်းဖြေနေသော ခရစ္စမတ်ညမြင်ကွင်း

ရန်ကုန်မြို့ ဝိုလ်အောင်ကျော်လမ်းရှိ စိန်မေရီကာသီခြယ်ဘုရားကျောင်း ခရစ္စမတ်ညမြင်ကွင်း

ယနေ့ ကျရောက်သောခရစ္စမတ်နေ့တွင် ရန်ကုန်မြို့ ခရစ်ယာန်ဘာသာဝင်များ အနေဖြင့် ခရစ်တော်ဆုတောင်းမှုများ ပြုခြင်း၊ ဘုရားသီချင်းများဖြင့် သီဆိုပူဇော်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ အထိမ်းအမှတ်လက်ဆောင်မွန်များ တစ်ဦးနှင့်တစ်ဦး ပေးကမ်းမှုများနှင့်အတူ ရန်ကုန်မြို့တစ်မြို့လုံး ထိန်ထိန်လင်းနေသော မီးရောင်စုံများနှင့်အတူ ခရစ်ယာန်ဘုရားကျောင်းတိုင်း စည်ပင်လျက်ရှိနေပေသည်။

"ဒီနေ့ကတော့ ခရစ္စမတ်နေ့လည်းဖြစ်၊ အလုပ်လည်းပိတ်တော့ ဘုရားကျောင်းတွေကို တစ်ကျောင်းပြီး တစ်ကျောင်း သူငယ်ချင်းတွေနဲ့ ဘုရားသီချင်းတွေ သွားရောက်သီဆိုပူဇော်ခဲ့တယ်။ နှစ်စဉ်တိုင်းလုပ်ဖြစ်ပါတယ်။ အဲဒီလိုလုပ်လိုက်မှ တစ်နှစ်စပတ်လုံး အေးချမ်းသာယာမယ်လို့ စိတ်ထဲမှာထင်မိသလို၊ တကယ်လည်း အဲဒီအတိုင်းပဲ ခံစားရတယ်။ ဒါ့ကြောင့် ဒီရက်မှာဘယ်လောက်ပဲအလုပ်ရှုပ်ရှုပ် ခရစ်တော် ကြွဆိုပူဇော်မှုကတော့ လုပ်ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ ဝိုလ်အောင်ကျော်လမ်းမှ မမေရီလင်းက ပြောသည်။

သတင်းမြင်ကွင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ

သံတွဲခရိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည်မိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဥတ္တမပန်းခြံ၌ ယနေ့နံနက် ၈ နာရီက စတင်ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင်အသင်း(ရန်ကုန်)က နံနက်ပိုင်းမှ စတင်ကာ ရခိုင်ရိုးရာ မုန့်တီ၊ သံတွဲထမင်းဟင်းနှင့် ကော်ဖီ၊ ကိတ်မုန့်တို့ဖြင့် တက်ရောက်လာသူများအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

သံတွဲခရိုင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်လင်းက "သံတွဲခရိုင်အသင်းအနေနဲ့ တစ်နှစ်တစ်ကြိမ် မိတ်ဆုံစားပွဲလုပ်တယ်၊ ရန်ကုန်ရောက် သံတွဲ၊ ဂွ၊ တောင်ကုတ်သူ တောင်ကုတ်သားတွေအားလုံး စုပြီးလုပ်တာပါ။ ဒီမှာကျွေးတဲ့ ရခိုင်ရိုးရာအစားအစာတွေကလည်း သံတွဲကလာတဲ့ ဟင်းသီးဟင်းရွက်၊ ငါးတွေနဲ့ ချက်ထားတာ၊ မိသားစုပုံစံမျိုးလုပ်ကြတာ၊ အလှူရှင်တွေကလည်း ရက်ရက်ရောရောလှူကြတယ်" ဟု ပြောသည်။

ထို့အတူ သံတွဲခရိုင်အသင်းဥက္ကဋ္ဌ ဦးမြမောင်က "ရန်ကုန်ရောက် သံတွဲခရိုင်သူ ခရိုင်သား၊ တောင်ကုတ်၊ သံတွဲ၊ ဂွနယ်သူနယ်သားတွေ ဆုံစည်းတဲ့ပွဲ ဖြစ်တယ်၊ ဆုံစည်းခြင်းအားဖြင့် အားလုံးသာရေး၊ နာရေးတွေမှာ အကူအညီပေးနိုင်အောင်ရည်ရွယ်ပြီး ကျင်းပတာပါ။ ဒီမှာ ပျော်ပျော်ပါးပါး အားလုံးစားသောက်ပြီး ရင်းနှီးမှုရအောင်၊ မိတ်ဟောင်း၊ ဆွေဟောင်းတွေ ပြန်လည်တွေ့ဆုံရအောင် ကျင်းပတဲ့ပွဲ ဖြစ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်ရောက် ဂွ၊ တောင်ကုတ်၊ သံတွဲနယ်သူ နယ်သားများ စုပေါင်းပြီး သံတွဲခရိုင်အသင်း(ရန်ကုန်)ကို ၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၇၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်း-မင်းသစ်(သတင်းစဉ်)
ဓာတ်ပုံ - ရဲထွဋ်

ဦးမြမောင်

ဦးထင်ကျော်လင်း

ပဲခူးမြို့နယ် ကန်တော်ကြီးရေဝေရေလဲ ဧရိယာအတွင်း ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဒီဇင်ဘာ ၂၄ ရက်နံနက်က ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲကြိုးပြင်ကာကွယ်တောကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံ(တိုင်းဒေသကြီး ကန်တော်ကြီးရေကန်၊ ရေသန့်စင်ရေး တွေ့ဆုံညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ)နှင့်အတူ ကန်တော်ကြီးကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်ထားရှိသည့် ရော်ဘာစိုက်ခင်းများ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကန်တော်ကြီးရေသန့်စင်မှုအပေါ် သက်ရောက်နိုင်မှုအခြေအနေ၊ သဘာဝတောကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး(**အပေါ်ပုံ**) ကန်တော်ကြီးရေကန်၊ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးအတွက် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပဲခူးမြို့ ကန်တော်ကြီးရေကန်၊ ရေသန့်စင်ရေးနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တမအကြိမ် လူထုစက်ဘီးစီးနင်းပွဲ မန္တလေး၌ အင်အား ၅၀၀ ကျော် ပါဝင်ဆင်နွှဲ

မန္တလေး ဒီဇင်ဘာ ၂၅

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ လစဉ်နောက်ဆုံးပတ်တနင်္ဂနေနေ့တွင်ကျင်းပလျက်ရှိသော သတ္တမအကြိမ်လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၅ နာရီခွဲက မန္တလေးမြို့ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ၂၆ လမ်းကျုံးတောင်ဘက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့ရပ်နေရာ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်သည် စက်ဘီးစီးအားကစားသမားများ၊ စက်ဘီးအားကစားဝါသနာရှင် ပြည်သူများနှင့်အတူ စက်ဘီးစီးနင်းပါဝင်ဆင်ခွဲခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်သူလူထုစက်ဘီးစီးနင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ၊ ကျောင်းသားကျောင်းသူများသည် သတ်မှတ်စုရပ်၌ရောက်ရှိနေရာယူကြပြီး တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးစိုင်းကျော်ဇောက အချက်ပြ သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူ ၅၀၀ ကျော်တို့သည် စုရပ်မှစတင်၍ ၂၆ လမ်းကျုံးတောင်ဘက်၊ ထိုမှကျုံးအနောက်ဘက်လမ်း ၈၀ မှ ၁၂ လမ်းအတိုင်း ကျုံးမြောက်ဘက်လမ်းအတိုင်း ၇၃ လမ်း ကျုံးမြောက်ပေါက် မန်းတောင်ခြေအားကစားကွင်း ရှေ့လမ်းမှ မန္တလေးတောင်မြောက်ဘက်သို့ ထိုမှမန္တလေးတောင်အရှေ့ဘက် လမ်းအတိုင်း ၆၆ လမ်းကျုံးအရှေ့ဘက်လမ်း၊ ထိုမှ ၂၆ လမ်း ကျုံးတောင်ဘက်လမ်းအတိုင်း တာလွှတ်စုရပ်နေရာအထိ စုပေါင်းစက်ဘီးစီးနင်းကာ ပျော်ရွှင်စွာဆင်ခွဲရောက်ရှိခဲ့ကြပြီး စေတနာရှင်အလှူရှင်များက စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများကို Royal-D အားဖြည့်အချိုရည်ပုလင်းများပေးဝေခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြည်သူလူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ် နောက်ဆုံးပတ်တနင်္ဂနေနေ့တွင်ကျင်းပလျက်ရှိရာ မည်သူမဆို အသက်ကန့်သတ်ချက်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်စီးနင်းဆင်ခွဲနိုင်ကြောင်း သိရသည်။ **တင်မောင်-မန်းကိုယ်ပွား**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Naing Moe Entertainment နှင့် Myanmar Media Management က စီစဉ်သော (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့မိုးလုံးလေလုံခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ-ထိုင်း ငါးချီစိန်ခေါ်ပွဲတွင် ရိုးရာလက်ဝှေ့ချန်ပီယံ ၂၀၁၆ ဖျံသွေး(ရွှေမိုးတိမ်ငြိမ်းချမ်းရေး) နှင့် ထိုင်းဖိုက်ချန်ပီယံ စင်းမန်းဦး(ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ဖျံသွေးသည် ဒီဇင်ဘာ ၁၁ ရက်က မွေထိုင်းချန်ပီယံနျူကလီးယားဟာဒီ(အီရန်)ကို သရေထိုးနိုင်ခဲ့သူဖြစ်သည်။ ထွန်းနိုင်ဦး (STL တောင်ငူ) နှင့် ယော့သစ်(ဒ) ပက်ထနန်(ထိုင်း) တို့ ပဝါမကူရေမရှုစတမ်းယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြည်တွင်း ငါးချီစိန်ခေါ်ပွဲတွင် နေရှာဘီ (STL တောင်ငူ) နှင့် ချိုင်ထူး(နဂါးမာန်)၊ သိန်းညီညီ(တောင်ငူအဖြူရောင်သွေးသစ်) နှင့် သားကျော်ဖြောင့် T&T သထုံ၊ စောသားငယ်(တောင်ငူ) နှင့်ဟံသာဝတီသား (အဖြူရောင်သွေးသစ်) စောသားကြီး(တောင်ငူ) နှင့် ဝနအောင် (ရိုးရာပုဂံ)၊ ထယ်ကြီး (STL) နှင့် ဒိုးလေး (၁) ဇွဲမာန်(ရိုးရာပုဂံ) တို့အပါအဝင်ကြားပွဲလေးပွဲ စုစုပေါင်း ၁၁ ပွဲ ယှဉ်ပြိုင်ထိုး သတ်ကြမည်ဖြစ်ကာ ဝင်ကြေးငွေကျပ် ၁၀၀၀၀၊ ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ခရစ္စမတ်နေ့တွင် ရေပြာအိုင် ရေပူစမ်းရေချိုးအပန်းဖြေလာရောက်ကြသူများဖြင့် စည်ကား

လင်းခေး ဒီဇင်ဘာ ၂၅

ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်သောသခင်ယေရှု ဖွားမြင်တော်မူသည့် ခရစ္စမတ်ပွဲတော်နေ့နှင့် အများပြည်သူ (အစိုးရရုံးပိတ်ရက်) တနင်္ဂနေနေ့လည်းဖြစ်သောကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့နေပြည်သူများနှင့် ရပ်နီးရပ်ဝေးမှသူများသည် လင်းခေးမြိုနယ် နမ့်အွန်ကျေးရွာရှိ ရေပြာအိုင် ရေပူစမ်းသို့ ရေချိုးအပန်းဖြေ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေပြာအိုင်ရေပူစမ်းသည် လင်းခေးမြို့မှ လေးငါးမိုင်အကွာမြို့၏အရှေ့ဘက်လင်းခေး၊ မိုင်းပန်၊ တာဆန်းသွားလမ်းမန်ဘေး(ယာဘက်) တောအုပ်ကလေး၌တည်ရှိပြီး လွန်ခဲ့သည့် ရှေးနှစ်ပေါင်းတစ်ရာကျော်ခန့်က သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိခဲ့သော ရေပူစမ်း(ရေပြာအိုင်) တစ်အိုင်ဖြစ်ကြောင်း ရှေ့မီ နောက်မီလူကြီးသူမများက ဆိုသည်။ အိုင်အကျယ်အဝန်းမှာ ပေ ၅၀ ပတ်လည်ခန့်ရှိသည်။ ဆယ့်နှစ်လရာသီကာလပတ်လုံး ပူနွေးသောရေပူများ ထွက်ရှိလျက်ရှိသည်။ မူလအစပိုင်းက ဤနေရာသို့ ရေချိုးအပန်းဖြေလာရောက်နိုင်ရန် ဒေသ၏ နယ်မြေအခြေအနေအရပ်ရပ်ကြောင့် တိမ်မြုပ်နေခဲ့သည်။ ယခုကဲ့သို့ လာရောက် ရေချိုးအပန်းဖြေနိုင်သည့်စခန်းတစ်ခုအသွင်သို့ ရောက်ရှိလာခဲ့ သည်မှာ ဆယ်စုနှစ်နှစ်စုကျော်ခန့် မျှသာရှိသေးသည်။

ရေပြာအိုင်မှ ရေကို ပင်မရေသွယ်မြောင်းကြီးတစ်မြောင်း ပြုလုပ်ထားသည်။ ရေသွယ်မြောင်းခွဲနှစ်ခုထပ်မံခွဲ၍ ရေချိုးကန်နှစ်ကန်ကို ထားရှိသည်။ အမျိုးသား၊ အမျိုးသမီးနေရာ သတ်မှတ်ချိုးကြသည်။ ရေကန်တစ်ခုစီမှ သိုလှောင်ယူထားသောရေကို ရေပိုက်သုံးပိုက်ဖြင့် ပြန်လည်ထုတ်ယူကာ လူသုံးဦးနှင့် ငါးဦးတစ်ပြိုင်နက် ရေချိုးနိုင်စေရန် ပြုလုပ်ထားသည်။ ရှမ်းပြည်နယ်အတွင်းရှိ ရွာငံရေပြာအိုင်နှင့် အခြားသော ရေပူစမ်းများနှင့် ရေအရောင်အဆင်းချင်းတူသည်။ စိမ်းပြာပြာအနေအထားအစဉ်အမြဲထွက်ရှိနေသောကြောင့် ရေပြာအိုင်ဟု လာရောက်သူများက ခေါ်ဝေါ်ကြသည်။ လင်းခေးရှိ နမ့်အွန် ရေပြာအိုင်မှ ထွက်သော ရေပူစမ်းကိုချိုးခြင်းအားဖြင့် လူတို့ခန္ဓာကိုယ်၌ ဖြစ်လေ့ဖြစ်ထရှိသော အရေပြားယားနာရောဂါကို ပျောက်ကင်းစေသည်ဟု ဒေသခံတချို့က ယုံကြည်ထားခဲ့ကြကြောင်း မြို့ခံလူအချို့က ပြောကြားသည်။

လင်းခေးမြိုနယ်သည် သဘာဝမြေမျက်နှာသွင်ပြင်အားဖြင့် တောင်ပေါ်(ချိုင့်ဂွမ်း)တစ်နေရာ၌တည်ထားသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေသည်လည်း ၉၉၆ ပေသာရှိပြီး များသောအားဖြင့် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုကို ခံစားရရှိစေသောကြောင့် ရှမ်းအညာဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ခရစ္စမတ်နေ့ရောက်တိုင်း ရှမ်းပြည် အညာမြေနေပြည်သူများနှင့် အလည်ရောက်လာသူတိုင်းအတွက်သည် လင်းခေး(နမ့်အွန်ရေပြာအိုင်) ရေပူစမ်းနွေးနွေးနှင့် ထိတွေ့ခံစားစေပြီး ပျော်ရွှင်သောခရစ္စမတ်ချိန်ခါသမယတစ်နေ့တာကို ဖြတ်သန်းကုန်လွန်စေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

စိုင်းဇော်လတ်(လင်းခေး)

❒ *ကျောင်းမှ*

ရမည်းသင်း စာဖြေဌာနလူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာစာမေးပွဲဖြေဆို

ရမည်းသင်း ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရန်အောင်မြင်သာသနာ့ဝိဟာရန်တော် စာဖြေဌာန၌ လူပုဂ္ဂိုလ်များဆိုင်ရာ စာမေးပွဲကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ဦးစီးကျင်းပပြုလုပ်ရာ သင်တန်းနည်းပြဆရာတော် ဦးကုမာရ၊ စာချုပ်မှကထိက မင်းကျောင်းအရှင်စန္ဒာဘာသနှင့် ခရိုင်သာသနာရေးဦးစီးမှူး ဦးဌေးလွင်တို့က ကြီးကြပ်ကျင်းပပြုလုပ်ကြသည်။ လူပုဂ္ဂိုလ်ဆိုင်ရာအဘိဓမ္မာစာမေးပွဲတွင် ပထမအဆင့် (ရိုးရိုးတန်း) ၁၃ ဦး၊ ပထမအဆင့် (အထူးတန်း) ၂၁ ဦး စုစုပေါင်း ၃၄ ဦး ဖြေဆိုကြကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

ကျွန်တော်နဲ့ပဋိပက္ခ ဖြေရှင်းမှု

ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

အကြမ်းဖက်တဲ့ပဋိပက္ခတွေကို အခုချိန်မှာနေရာတိုင်းမှာ ရင်ဆိုင်နေ ကြရတယ်။ တစ်နေ့က ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ခရစ္စမတ်စျေးတန်းကို ကုန်ကားတစ်စီးက ဝင်တိုက်ပြီး လူ ၁၂ ဦး သေဆုံးကာ အမြောက်အမြားဒဏ်ရာရခဲ့တယ်။ ဆီးရီးယားနိုင်ငံ အလက်ပိုမြို့မှာလည်း ထောင်နဲ့ချီ အပြစ်မဲ့တဲ့ပြည်သူတွေ သေခဲ့ကြတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ပဋိပက္ခတွေဟာ အရှေ့ဘက်မှာရော အနောက်ဘက်မှာရောဖြစ်နေကြတယ်။ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို စိန်ခေါ်လာတာမို့ တာဝန်ရှိသူတွေက တုံ့ပြန်ခဲ့ရတယ်။ ပဋိပက္ခတွေဟာ နိုင်ငံအဆင့်သာမက အဖွဲ့အစည်းအတွင်းမှာလည်း ဖြစ်ပေါ်နေတာတွေ့ရသလို မိသားစုအတွင်းမှာလည်း ပေါ်ပေါက်တတ်တာကို သတိပြုမိတယ်။

ကျွန်တော်ဟာ ပဋိပက္ခဖြေရှင်းမှုနည်းစဉ်တွေကို လေ့လာခဲ့တယ်။ အထူးသဖြင့် လုပ်ငန်းအဖွဲ့အစည်းအတွင်း ပေါ်ပေါက်တဲ့ပဋိပက္ခတွေကို ဖြေရှင်းတဲ့နည်းလမ်းတွေ သုံးသပ်ဖော်ထုတ်ခဲ့တယ်။ လေ့လာမှုကို မျှဝေချင်ပါတယ်။ ပဋိပက္ခရဲ့ဆန့်ကျင်ဘက်က ငြိမ်းချမ်းခြင်းဖြစ်ပေမယ့်ငြိမ်းချမ်းမှုဟာ ပဋိပက္ခမရှိတာမဟုတ်ဘဲ ရှိတဲ့ပဋိပက္ခကိုကိုင်တွယ် ဖြေရှင်းနိုင်စွမ်းပဲဖြစ်ပါတယ်။ အမှန်တော့ ပဋိပက္ခဖြစ်ရတဲ့အကြောင်းရင်းက အမြင် အယူအဆတွေ မတူဘဲကွဲပြားခြားနားမှုကြောင့်ဖြစ်တယ်။ ဒါကြောင့်လည်း ပဋိပက္ခကို ရှောင်နိုင်တဲ့ နည်းတစ်ခုကတော့ တစ်ဖက်သားရဲ့အမြင်ကို နားလည်အောင် ကြိုးစားဖို့ပဲဖြစ်တယ်။ ပဋိပက္ခတွေနဲ့ပတ်သက်ပြီး သုံးသပ်ရာမှာ ပြီးခဲ့တာတွေ ဖြစ်ခဲ့တာတွေကို ခွင့်လွှတ်နိုင်စွမ်းမရှိတာကြောင့် ဖြစ်တယ်။ ခံခဲ့ရတာကိုမမေ့နိုင်ဘဲ အပြိုးထားမှုတွေကြောင့် ပဋိပက္ခမငြိမ်းချမ်းဘဲ သက်ဆိုးရှည်ခဲ့တာ။ ဒါကြောင့်ဂန္ဒီကြီးက သတိပေးခဲ့တာဖြစ်တယ်။ ခွင့်လွှတ်နိုင်တဲ့ သူဟာအားကြီးတဲ့သူသာဖြစ်တယ်။ ဒါကြောင့် ခွင့်လွှတ်လိုက်ရတာကို ကိုယ်ကပျော့ညံ့လို့၊ အားငယ်လို့ မယူဆဘဲ ကိုယ့်မှာယုံကြည်မှုအပြည့်ရှိပြီးသတ္တိပြတာသာဖြစ်ပါတယ်။ ပဋိပက္ခဖြေရှင်းမှုဖြစ်စဉ်မှာ အပိုင်းသုံးပိုင်းရှိတယ်။ ပထမပိုင်းက တစ်ဖက်က ပြောတာကို ဂဃနဏ သိနားလည်အောင် နားထောင်ဖို့ဖြစ်ပြီး နားထောင်မှုက ရလာတဲ့နားလည်မှုကို အခြေခံပြီး ပြန်လည်တုံ့ပြန်ပြီး မိမိရဲ့အမြင်ကို တင်ပြပြောဆိုဖို့ ဖြစ်တယ်။ နောက်ဆုံးအဆင့်ကတော့ အခုလိုနားထောင်ပြောဆိုပြီးမှာ ပြဿနာကိုဖြေရှင်းခြင်းသာ ဖြစ်ပါတယ်။

ပဋိပက္ခ ဖြေရှင်းမှုကို အသေးစိတ်သုံးသပ်ရင် အစိတ်အပိုင်းခြောက်ခုရှိကြောင်း တွေ့ရပြန်တယ်။ ပထမကတော့ ပဋိပက္ခနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ထိထိရောက်ရောက် မျှဝေမှုဖြစ်တယ်။ ပဋိပက္ခအများစုရဲ့အခြေခံဟာ သတင်းအချက်အလက်တွေ မပြည့်စုံတာ မမှန်ကန်လို့ဖြစ်တယ်။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုမရှိလို့ဖြစ်တယ်။ ဒုတိယအပိုင်းကတော့ တစ်ဦးရဲ့ခံစားမှုကို နောက်တစ်ဦးကသိအောင် ကြိုးစားမှုဖြစ်တယ်။ ဒီနေရာမှာ ကိုယ်ချင်းစာတရားရှိမှုဟာ အဓိကဖြစ်တယ်။ မိမိရဲ့ ခံစားမှုကိုသာ ဦးစားပေးပြီး တစ်ဖက်သားရဲ့အမြင်ကို အသိမှတ်မပြုရင် ပဋိပက္ခကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ တတိယအပိုင်းက အခုလို ပဋိပက္ခ ဖြေရှင်းရာမှာ ယဉ်ယဉ်ကျေးကျေး ထိတွေ့ဆက်ဆံဖို့ ဖြစ်တယ်။ ယဉ်ကျေးသိမ်မွေ့မှုဟာ အလွန်အရေးကြီးလှပါတယ်။ တစ်ဦးကို တစ်ဦး လေးစားပြီး အသိအမှတ်ပြုဖို့ ဖြစ်ပါတယ်။ စတုတ္ထပိုင်းကတော့ နှုတ်လုံပြီး ကောလာဟလတွေကို မဖြန့်ဖို့ဘဲဖြစ်တယ်။ အတင်းပြောမှုကို ရှောင်ရှားဖို့ အလွန်အရေးကြီးတယ်။ ပဉ္စမအပိုင်းကတော့ တစ်ဖက်သားရဲ့ ခံစားမှုတွေကို မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်နိုင်စွမ်းရှိရမှာဖြစ်တယ်။ နောက်ဆုံးကတော့ ခေါင်းအေးအေးထားပြီး ပြဿနာကိုဖြေရှင်းနိုင်ဖို့သာ ဖြစ်ပါတယ်။

ပဋိပက္ခတစ်ခုကို ဖြေရှင်းရာမှာ ဦးစွာပေါ်ပေါက်တဲ့ ပြဿနာရဲ့အကြောင်းရင်းကို ဖော်ထုတ်နိုင်ဖို့ လိုအပ်ပါတယ်။ "အနာသိမှ ဆေးရှိနိုင် မှာသာဖြစ်တယ်။" ပြဿနာရဲ့ဇာစ်မြစ်ကို သိနိုင်အောင် ကြိုးစားရမှာသာဖြစ်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြားဖူးသလို "ပေါက်ပင်ဘာကြောင့် ကိုင်းရသလဲ" ဆိုတဲ့ မေးခွန်းရဲ့အဖြေကိုရဖို့အခြေခံဇာစ်မြစ်ကို ဖော်ထုတ်ရမှာဖြစ်ပါတယ်။ ပြဿနာရဲ့ဇာစ်မြစ် သိရှိပြီးချိန်မှာ ပြဿနာကြောင့် ပေါ်ပေါက်လာတဲ့ ခံစားမှုတွေသိအောင် ဖော်ထုတ်ဖို့လိုအပ်တယ်။ နောက်အဆင့်က ဒီပြဿနာပေါ်ပေါက်နေတဲ့အတွက် ဖြစ်နေတဲ့ အကျိုးသက်ရောက်မှုတွေကို သိဖို့ လိုအပ်ပါတယ်။ နောက်အဆင့်က အလွန်အရေးကြီးပါတယ်။ ပြဿနာကို ပပျောက်အောင် ဖြေရှင်းလိုကြောင်း ဆန္ဒရှိဖို့ လိုအပ်ပါတယ်။ ဆန္ဒရှိရင် နောက်ဆုံးအဆင့်ကတော့ ပြေလည်အောင် ဖြေရှင်းရမှာသာ ဖြစ်ပါတယ်။

ပဋိပက္ခတစ်ရပ် ပေါ်ပေါက်လာရင် ဒေါသထွက်ပြီး စိတ်ပျက်တတ်ကြတယ်။ ဒီခံစားမှုတွေကို အခြေခံပြီး ပဋိပက္ခကို ရှောင်ရင် ပပျောက်သွားမှာ မဟုတ်ဘဲ ပြန်ပြီးပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ပြဿနာကို မရှောင်ဘဲ ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ကြိုးစားရမှာဖြစ်တယ်။ ပဋိပက္ခကို ဖြေရှင်းတဲ့ ပုံစံငါးမျိုးရှိပါတယ်။ ပထမတစ်မျိုးကတော့ ပြဿနာကိုရှောင်ရှားခြင်းဖြစ်တယ်။ ဒုတိယအမျိုးအစားကတော့ အလျှော့ပေးမှုဖြစ်တယ်။ တတိယအမျိုးအစားကတော့ ယှဉ်ပြိုင်ပြီး အနိုင်ရအောင် ကြိုးစားတာဖြစ်တယ်။ စတုတ္ထအမျိုးအစားကတော့ အပေးအယူလုပ်တာဖြစ်တယ်။ တစ်ဖက်နဲ့တစ်ဖက် အလျှော့ပေးတာဖြစ်တယ်။ နောက်ဆုံးပုံစံကတော့ တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်ပြီး အဖြေရအောင်ကြိုးစားခြင်း ဖြစ်ပါတယ်။

အမှန်တော့ ပဋိပက္ခတွေက အစဉ်ရှိနေမှာသာဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး အယူအဆမတူသလို လိုချင်တာတွေ မမျှော်လင့်တာတွေမတူညီနိုင်ပါဘူး။ နောက်ဆုံးပုဂ္ဂိုလ်ရေးရာ မုန်းတီးမှုပြင်းထန် ကြီးထွားလာနိုင်ပါတယ်။ အမှန်တော့ ပဋိပက္ခရှိတာကို မကောင်းဘူးလို့ အမြဲယူဆလို့ မဖြစ်ပါဘူး။ အရေးကြီးတာက ရှိတာကို ဖုံးကွယ်မထားဘဲ ရဲရဲဝံ့ဝံ့ဖော်ထုတ်ပြီး ဖြေရှင်းနိုင်ဖို့သာဖြစ်တယ်။ ပဋိပက္ခကို ဖြေရှင်းနိုင်ရင် တစ်ဦးနဲ့တစ်ဦး လေးစားကြည်ညိုမှုတိုးလာနိုင်ပြီး ရင်ဆိုင်နေရတာတွေကို ပပျောက်အောင်ဆောင်ရွက်နိုင်မှာဖြစ်တယ်။ ပဋိပက္ခပေါ်ပေါက်လာရင်ကိုယ့်အကြောင်း ကိုယ်ပိုပြီးသိလာနိုင်ပြီး မိမိအတွက်ဘာတွေဟာ အရေးကြီးသလဲ။ ဘာတွေကိုတော့ မစွန့်လွှတ်နိုင်ဘူး။ ဘာတွေကိုတော့ အပေးအယူလုပ်နိုင်တယ်ဆိုတာတွေကို ဆင်ခြင်နိုင်မှာဖြစ်တယ်။ ဒါပေမယ့် ပဋိပက္ခတွေကြောင့် ပျက်စီးဆုံးရှုံးမှု တွေအများကြီး ရှိနိုင်ပါတယ်။ ကနဦးပြဿနာကို အခြေခံပေမယ့် နောက်ပိုင်းမှာ ပုဂ္ဂိုလ်ရေးရာမုန်းတီးမှုအထိ ဆိုးရွားသွားနိုင်တယ်။

ကျွန်တော့်ရဲ့လေ့လာချက်အရ အထိရောက်ဆုံးပဋိပက္ခ၊ ဖြေရှင်းမှုချဉ်းကပ်နည်းက နှစ်ဦးနှစ်ဖက်ရဲ့အကျိုးကို ရှေးရှုတဲ့ နည်းပဲဖြစ်တယ်။ ပဋိပက္ခကိုဖြေရှင်းရာမှာ ပြဿနာနဲ့ပုဂ္ဂိုလ်ခွဲခြားနိုင်ဖို့လိုအပ်တယ်။ အခုလို ဆောင်ရွက်ရာမှာတစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှုနားလည်မှုတည်ဆောက်ဖို့ဖြစ်တယ်။ တစ်ဖက်နဲ့တစ်ဖက်လေးစားပြီး မတူညီတာတွေကို အသိအမှတ်ပြုရမှာဖြစ်တယ်။ အခြေခံကတော့ " သဘောမတူတာကို သဘောတူ" ဖို့ပဲဖြစ်တယ်။ အခြေခံကတော့ နားထောင်ခြင်း၊ အီးကျူမြင့်မားခြင်း၊ ဒေါသကိုထိန်းနိုင်ခြင်းပဲဖြစ်တယ်။

ပဋိပက္ခဖြေရှင်းမှု ချဉ်းကပ်ရာမှာ အခြေခံ ခြောက်ရပ်ရှိကြောင်း သတိပြုရမှာဖြစ်တယ်။ ပထမကတော့ တစ်ယောက်နဲ့တစ်ယောက် လေးစားပြီး ပြဿနာတွေကို ဆွေးနွေးရာမှာ အပြုသဘောဆောင်ဖို့ ဖြစ်ပါတယ်။ ဒုတိယကတော့ လူပုဂ္ဂိုလ်နဲ့ ပြဿနာကို ခွဲခြားနိုင်ဖို့လိုပါတယ်။ တစ်ဖက်သားဟာ သက်သက် ကတ်သီးကတ်သတ်လုပ်နေတာ ခက်အောင်ဆောင်ရွက်ဖော်ထုတ်ဖို့ ဖြစ်တယ်။ နောက်ဆုံးအဆင့်က ပြဿနာဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အတူတကွ ဖော်ထုတ်ရှာဖွေဖို့ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့စေတနာကတော့ နိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ထာဝစဉ်ချုပ်ငြိမ်းစေချင်ပါတယ်။ အကြောင်းကြောင်းကြောင့် ပေါ်လာတဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ပြီး အပြစ်ရှာပြီး လက်ညှိုးထိုးနေမယ့်အစား အေးချမ်းတဲ့သာယာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို အမြန်ဆုံးတည်ဆောက်နိုင်ဖို့ လိုအပ်ပါတယ်။

လက်ရှိအချိန်မှာ အမှန်ခက်ခဲတဲ့ အသွင်ကူးပြောင်းလဲမှုကို ဖြတ်သန်းနေပါတယ်။ နှစ်ပေါင်းများစွာကတည်းက စတင်ခဲ့တဲ့ နိုင်ငံရေး ပြဿနာတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ နည်းလမ်းတွေ ရှာဖွေနေကြတယ်။ အခုလို ကြိုးစားနေချိန်မှာ အကြမ်းဖက်မှုတွေကလည်း ဖြစ်ပေါ်နေကြတယ်။ ပြည်တွင်း ပြည်ပအန္တရာယ်တွေက များပြားလှတယ်။ ပဋိပက္ခတွေနဲ့ အခြေခံမှာ လူမျိုးရေး၊ နိုင်ငံရေးတွေဟာ အရေးပါသလို စီးပွားရေးအနေအထားတွေကလည်း အရေးကြီးတယ်လို့ သုံးသပ်မိတယ်။ စီးပွားရေးပညာလေ့လာသူတစ်ဦးရဲ့ဘက်လိုက်မှုလို့ ဆိုနိုင်မှာ ဖြစ်တယ်။ ပြုပြင်ပြောင်းလဲရေးတွေကို ဆောင်ရွက်တဲ့နေရာမှာ စိန်ခေါ်မှု သုံးရပ်ရှိတာ တွေ့ရပါတယ်။ ပထမက ငြိမ်းချမ်းရေးဖြစ်ပြီး ဒုတိယကတော့ ဒီမိုကရေစီဖြစ်တယ်။ နောက်ဆုံးကတော့ ဖွံ့ဖြိုးမှုဖြစ်တယ်။ ဒီစိန်ခေါ်မှုသုံးရပ်ဟာ သီးခြားရပ်တည်နေတာမဟုတ်ဘဲ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်။ ငြိမ်းချမ်းရေးဟာ တိုင်းပြည်လွတ်လပ်ရေးရကတည်းက ယနေ့အထိ မရသေးတာမို့ တိုင်းပြည်ရဲ့ဖွံ့ဖြိုးမှုဟာ နေးကွေးခဲ့တယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရ ဒီမိုကရေစီစနစ် အမြစ်တွယ်အောင် ကြိုးစားနေရတာဖြစ်တယ်။ စီးပွားရေးတိုးတက်မှုကို ဖော်ထုတ်နိုင်ရင် ငြိမ်းချမ်းရေးပြဿနာတွေကို တစ်ဖက်ကလည်း ဖြေရှင်းနိုင်လိမ့်မယ်လို့မြင်မိတယ်။ နှစ်ပေါင်းများစွာ ပဋိပက္ခတွေ ကြားက ပေါ်ပေါက်လာတဲ့ စီးပွားရေးစနစ်က စစ်ကိုအခြေခံတဲ့ စီးပွားရေးပုံစံဖြစ်တယ်။ ဒီပုံစံကြောင့် လက်ရှိအခြေအနေကြောင့် အကျိုးအမြတ်ရနေသူတွေကို ဆွဲဆောင်နိုင်ဖို့ စီးပွားရေးမက်လုံးတွေပေးနိုင်ဖို့ လိုအပ်မှာဖြစ်တယ်။ ငြိမ်းချမ်းရေး အကျိုးအမြတ်ကို စီးပွားရေးအရ အမြန်ဆုံးဖော်ထုတ်နိုင်ရမှာဖြစ်ပါတယ်။ ပဋိပက္ခဖြစ်နေတဲ့နေရာတွေမှာ စီးပွားရေးအခွင့်အလမ်းတွေ ဖော်ထုတ်နိုင်ဖို့ လိုအပ်မှာဖြစ်တယ်။ ဒီအခွင့်အလမ်းတွေ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပေါင်းစပ်ပြီး ဖော်ထုတ်ဖို့လိုအပ်မှာ ဖြစ်တယ်။

ကျွန်တော်တို့ နိုင်ငံမှာ ခက်ခဲတဲ့ စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်နေရတယ်။ ဒါပေမယ့် ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းဖို့ အဓိကကတော့ အတွေးအခေါ်အယူအဆတွေ ပြောင်းဖို့ပဲ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ " ငါနိုင်၊ နင်ရှုံး" ဆိုတဲ့ အတွေးအခေါ်ကို စွဲကိုင်ခဲ့တဲ့ အခြေအနေကနေ "ငါနိုင်၊ နင်နိုင်" ဆိုတဲ့ အနေအထားရအောင် ဆင်ခြင်ရမှာသာ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေးတွေကို ဆောင်ရွက်တဲ့နေရာမှာ စိန်ခေါ်မှု သုံးရပ်ရှိတာ တွေ့ရပါတယ်။ ပထမက ငြိမ်းချမ်းရေးဖြစ်ပြီး ဒုတိယကတော့ ဒီမိုကရေစီဖြစ်တယ်။ နောက်ဆုံးကတော့ ဖွံ့ဖြိုးမှုဖြစ်တယ်။ ဒီစိန်ခေါ်မှုသုံးရပ်ဟာ သီးခြားရပ်တည်နေတာမဟုတ်ဘဲ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေ

တောဆင်ရိုင်းများ ကျက်စားနေမှု သိရှိစေရန် တောဆင်ရိုင်း ငါးကောင်အား ရေဒီယိုကော်လာ ထပ်မံတပ်ဆင်

တိုက်ကြီး ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံကျေးရွာအုပ်စုမြိုင်ဟေဝန်ဆင်စခန်းကို အခြေပြု၍ တောဆင်ရိုင်းများ၏ ကျင်လည်ကျက်စားမှု သွားလာလှုပ်ရှားမှုများ သိရှိစေရန် ဒီဇင်ဘာလပထမပတ်မှစတင်၍ တောဆင်ရိုင်း ငါးကောင်ကိုထပ်မံ၍ ရေဒီယိုကော်လာ တပ်ဆင်ပေးနေကြောင်း Wild Wildlife Fund(W W F) အဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

အဆိုပါတောဆင်ရိုင်းများ ကျင်လည်ကျက်စား သွားလာလှုပ်ရှားမှုနှင့် စားသောက်ဟန်တို့အား သိရှိစေရန် ၂၀၁၅ ခုနှစ်အောက်တိုဘာလပထမပတ်တွင် တောဆင်ရိုင်း ခြောက်ကောင်အားရေဒီယိုကော်လာများ တပ်ဆင်ထားပေးပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် တောဆင်ရိုင်း ငါးကောင်ကို ရေဒီယိုကော်လာများ ထပ်မံတပ်ဆင်နေကြောင်း မြိုင်ဟေဝန်ဆင်စခန်းဆင်ဖမ်းအဖွဲ့ဆင်အုပ်ကြီး ဦးမောင်မောင်က ရှင်းပြသည်။

ယခုအချိန်တွင် တောဆင်ရိုင်း မည်မျှရှိသည်ကို သိရှိရန်အတွက် တောဆင်ရိုင်းတစ်ကောင်ကို ရေဒီယိုကော်လာ တပ်ဆင်ပေးခြင်းဖြင့် ယင်း၏ပတ်ဝန်းကျင် မိုင် ၂၀ အတွင်းတွင်ရှိသည့် တောဆင်ရိုင်းများ နေထိုင်ကျက်စားပုံများကို မှတ်တမ်းအရ သိရှိမည်ဖြစ်ကြောင်း W W F အဖွဲ့မှ ထပ်လောင်းပြောကြားသည်။

ယင်းအပြင် ကျေးရွာများတွင် တောဆင်ရိုင်းများဝင်ရောက်လာပါက ဒေသခံများမှသတင်းပို့ချက်အရ မြိုင်ဟေဝန်ဆင်စခန်းမှ သစ်ထုတ်လုပ်ရေးဆင် သုံးကောင်နှင့်လိုက်လံရှာဖွေပြီး မေ့ဆေးသေနတ်ဖြင့်ပစ်၍ ရေဒီယိုကော်လာ တပ်ဆင်ပေးနေကြောင်း ထိုဆင်သည် ၂၄ နာရီ အတွင်းမေ့ဆေးပြေ၍ ရေဒီယိုကော်လာတပ်ဆင်ပြီးသော တောဆင်ရိုင်းများသွားလိုရာ သွားနိုင်ကြောင်း မြိုင်ဟေဝန်ဆင်စခန်း ဆင်ဖမ်းအဖွဲ့ထံမှသိရသည်။

ထွန်းလှိုင် (မြိုင်)

ပွင့်ဖြူမြို့နယ်၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက အခမဲ့ စမ်းသပ်ခွဲစိတ်ကုသ

ပွင့်ဖြူ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုဦးဆောင်မှုဖြင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၃၅)ကြိမ်မြောက် ကျန်းမာရေးအလှူတော်အဖြစ် အထွေထွေရောဂါအထူးကုဆရာဝန်ကြီးများအဖွဲ့က ပွင့်ဖြူမြို့နယ်အတွင်းရှိ ရောဂါဝေဒနာရှင်များအား လာရောက်အခမဲ့ စမ်းသပ်ခွဲစိတ် ဆေးကုသခြင်းအခမ်းအနားဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့အထကကျောင်း၌ ကျင်းပခဲ့သည်။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသည် ကျန်းမာရေးအလှူတော်အဖြစ် ပွင့်ဖြူမြို့နယ်တွင် ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ မျက်စိ၊ ကလေး၊ သွားနှင့်ခံတွင်း၊ အရိုးအကြော၊ အရေပြား၊ အထွေထွေရောဂါ၊ အထွေထွေခွဲစိတ်၊ သားဖွားနှင့်မီးယပ်၊ နားနှာခေါင်းလည်ချောင်းစသည့် ရောဂါဝေဒနာရှင်များအား သမားတော်များ၊ အထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သူရထွန်း (ပွင့်ဖြူ)

မြစ်ချောင်းများအတွင်း ပလတ်စတစ်အမှိုက်များပစ်မချရန် အသိပညာပေးစုပေါင်းအမှိုက်ကောက်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြစ်ချောင်းများအတွင်း ပလတ်စတစ်အမှိုက်သရိုက်များ ပစ်ချခြင်းမပြုလုပ်ရန်နှင့် အစိမ်းရောင်ဆိပ်ကမ်းများအဖြစ် ဖွံ့ဖြိုးတိုးတက်လာရေး ပြည်သူလူထု အသိပညာပေး စုပေါင်းအမှိုက်ကောက်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ တတိယပတ်က ဗိုလ်တထောင်ဆိပ်ကမ်း၌ ကျင်းပခဲ့သည်။

အဆိုပါ အမှိုက်ကောက်ပွဲ အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရေကြောင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမှူထမ်းနှင့်အရာထမ်းများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော နယ်သာလန် အခြေစိုက် Hosk-oning DHV မှ ကုမ္ပဏီဝန်ထမ်း စုစုပေါင်း ၂၅၀ နီးပါးပါဝင်၍ ဆိပ်ကမ်းတစ်လျှောက် အမှိုက်ကောက်အမှိုက်သိမ်း အသိပညာပေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

"ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ရန်ကုန်မြစ်၊ ပဲခူးမြစ်နဲ့ ငမိုးရိပ်ချောင်းတွေမှာဆို အမှိုက်တွေဒီရေတက်ချိန်မှာ မျောပါလာတာနဲ့ပတ်သက်ပြီး မြစ်ကြောင်းတစ်လျှောက် လိုက်လံစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ မြစ်ကမ်းဘေးမှာ အိမ်သာတွေ ဆောက်လုပ်ထားတာတွေ၊ အမှိုက်စွန့်ပစ်တာတွေကို လိုက်လံစစ်ဆေး စာရင်းကောက်ယူထားပြီး ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာတွေကို အရေးယူမယ်။ မြစ်ထွက်ပေါက်တွေမှာလည်း အမှိုက်ဖမ်းတဲ့ သံဆန်ခါတွေ ချထားသွားဖို့ရှိပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်နှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာ အောင်မြင့်မော်က ပြောသည်။

"ပလတ်စတစ်အမှိုက်တွေဆိုတာ မြစ်ချောင်းတွေအတွင်း စွန့်ပစ်ဖို့မဟုတ်ပါဘူး။ စွန့်ပစ်ရင်လည်း ဆိပ်ကမ်းမှာ စုပုံလာမယ်။ ရေနေသတ္တဝါတွေဖြစ်တဲ့ ငါးတွေသေကျေပျက်စီးမယ်။ ပလတ်စတစ်အမှိုက်တွေ ကင်းစင်အောင်လုပ်ခြင်းဖြင့် အစိမ်းရောင်ဆိပ်ကမ်းတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်" ဟု နယ်သာလန်ကုမ္ပဏီမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာမာတင်ကူးမန်းက ပြောသည်။ အဆိုပါ ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လိပ်ပြာကဲ့သို့ ရွှေဝါရောင်ပိုးကောင်များ ပဲခူးတိုင်းဒေသကြီးမြို့နယ်အချို့၌ ပျံ့နှံ့နေ

ဇီးကုန်း ဒီဇင်ဘာ ၂၅



ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ဇီးကုန်းမြို့အပါအဝင် မြို့နယ်အချို့တို့တွင် လိပ်ပြာကဲ့သို့ ရွှေဝါရောင်ပိုးကောင်ငယ်များ အခန်းနံရံများ၊ မျက်နှာကြက်များ၌ ပျံ့နှံ့ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါပိုးကောင်များ စတင်ပေါက်ဖွားလာသောနေရာကို မသိရသော်လည်း ယင်းတို့နှင့် ထိစပ်သောနေရာများ၌ နေထိုင်သူများမှာ ယားယံမှုများ ဆက်တိုက်ခံစားရကြောင်း၊ ယားယံမှု အတွက် ဆေးဆိုင်များ၌ သက်သာပျောက်ကင်းစေရန် လိမ်းဆေး၊ စားဆေးများရှိသော်လည်း အဆိုပါပိုးကောင်ငယ်များ ထပ်မံရောက်ရှိလာပါက စာသင်ကြားရာတွင် အခက်အခဲများရှိလာနိုင်ကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အဆိုပါလိပ်ပြာနှင့်တူသော ရွှေဝါရောင်ပိုးကောင်ငယ်များမှာ ပိုးဟပ်အရွယ်ခန့်ရှိ၍ ဦးခေါင်းနှင့် ခြေလက်များတွင် အဖြူရောင်အမွေးအမှင်များ ထူထပ်စွာပေါက်နေပြီး ယင်းအမွေးအမှင်များနှင့် ကိုင်တွယ်ထိတွေ့သူ (သို့) အဝတ်အစားများတွင် ကပ်ငြိနေပါကလည်း ယားယံမှုမျိုးကို သုံးရက်၊ လေးရက်အထိ ခံစားရကြောင်း၊ ယင်းပိုးကောင်များကိုရှင်းလင်းဖယ်ရှားရာတွင်လည်း လက်အိတ်နှင့် မျက်နှာဖုံးစွပ်များ အသုံးပြုဆောင်ရွက်ရန် သတိပြုသင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ကိုသက်(ဇီးကုန်း)၊ ဓာတ်ပုံ-တင်မြင့်

နောက်ဆုံးရနိုင်ငံတကာသတင်း

ချီလီ၌ ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်၊ ဆူနာမီ သတိပေးချက်ထုတ်ပြန်ခဲ့

ဆန်တီယာဂို ဒီဇင်ဘာ ၂၅

ချီလီနိုင်ငံ တောင်ဘက်ပိုင်းရှိ ပူရာတိုမန့် အနောက် တောင်ပိုင်း ၂၂၅ ကီလိုမီတာအကွာတွင် တနင်္ဂနေ့က ကနဦးပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ရာ အနောက်တောင်ဘက်ပိုင်း ကမ်းရိုးတန်းဧရိယာများ၌ နေထိုင်သူများကို ဆူနာမီသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ငလျင်ဗဟိုချက်မှ ကီလိုမီတာ ၁၀၀၀ အတွင်းဆူနာမီ သတိပေးချက်ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း အမေရိကန်အခြေစိုက် ပစိဖိတ်ဆူနာမီသတိပေးရေးဗဟိုဌာနက ပြောသည်။ ဆူနာမီလှိုင်းများသည် ချီလီကမ်းရိုးတန်းတစ်လျှောက် ဒေသအတော်များများတွင် ပင်လယ်ရေမျက်နှာပြင်အထက် တစ်မီတာခန့်ရောက်ရှိနေကြောင်း ဒေသတွင်းအရေးပေါ်ဌာနများက ထုတ်ပြန်ထားသည်။

ကနဦးဒီရေလှိုင်းများသည် ဒေသစံတော်ချိန် နေ့လယ် တစ်နာရီအချိန်တွင် ချီလီနိုင်ငံ လော့စ်လာဂို့စ် ကမ်းခြေဒေသတစ်လျှောက် ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ချီလီနိုင်ငံ အမျိုးသား အရေးပေါ်ဌာန(အိုနီမီ) က ပြောသည်။ အိုနီမီ ဥက္ကဋ္ဌ ရီကာဒို တိုရိုက လော့စ်လာဂို့စ် ဒေသခံများအနေဖြင့် ကမ်းခြေအရပ်ဒေသများအား စွန့်ခွာ၍ စိတ်ချရသည့်နေရာများသို့ အရေးပေါ်ရွှေ့ပြောင်းရန် ကြေညာထားသည်။ ငလျင်မှာ မြေအောက်အနက် ၁၅ ကီလိုမီတာ (ကိုးမိုင်) ခန့်မှ စတင်လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိတိုင်းတာရေးစခန်းမှ သိရသည်။

လတ်တလောသေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း အိုနီမီဌာနမှ သိရသည်။

ငလျင်ကြောင့် ဘာရီလိုချေးရှိ အာဂျင်တိုင်း အနောက်တောင်ပိုင်းမြို့တွင် အထိနာဆုံးဖြစ်သည်ဟု မီဒီယာထုတ်ပြန်ချက်များအရ သိရသည်။ ချီလီသည် ကမ္ဘာပေါ်တွင် ကြေးနီထွက်ရှိမှု အများဆုံးနိုင်ငံတစ်ခုဖြစ်သော်လည်း ငလျင်လှုပ်ခတ်ဒဏ်ခံရသည့်ဒေသတွင် အဓိက မိုင်းတွင်းများ မရှိကြောင်း သိရသည်။

ချီလီနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်ကလည်း ပြင်းအား ၈ ဒသမ ၈ အဆင့်ရှိ ငလျင်အပါအဝင် ကြောက်မက်ဖွယ် ငလျင်ဒဏ်ခံရသည့် သမိုင်းကြောင်း ရှိခဲ့ဖူးသည်။

(ရိုက်တာ)

မုံကိုးကက်သလစ်ဘုရားကျောင်းကို အင်ဂျင်နီယာတပ်ရင်းက ခရစ္စမတ်အမီ ပြန်လည်လွှဲပြောင်း

နေပြည်တော် ဒီဇင်ဘာ ၂၅
ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မုံကိုးမြို့တွင် နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ လက်နက်ကိုင် မူမျှားကြောင့် ပျက်စီးသွားသည့် ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် အမှတ် (၆) ရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်းကို အမှတ် (၉၅၉) အင်ဂျင်နီယာတပ်ရင်းက ပြန်လည်ပြုပြင်ခဲ့ပြီး ခရစ္စမတ်နေ့အမီ ပြန်လည်လွှဲပြောင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကက်သလစ်ဘုရားကျောင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက အမှတ် (၉၉၂)နည်းပျူဟာ မှူး၊ မြိုနယ်အုပ်ချုပ်ရေးမှူး ဦးငွေဌေး နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘုရားကျောင်း တာဝန်ရှိသူများဖြစ်ကြသည့် ဖာသာ ဦးဒေါင်ခေါန်၊ စစ္စတာဒေါ်အားလုံးနှင့် ဓမ္မဆရာ ဦးခေါန်တောင်တို့ထံ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မုံကိုးမြို့ ကက်သလစ်ဘုရားကျောင်း၌ ခရစ္စမတ်ပွဲတော်ကျင်းပ

မူဆယ် ဒီဇင်ဘာ ၂၅

၂၀၁၆ ခုနှစ် ခရစ္စမတ်ပွဲတော်ကို မုံကိုးမြို့အမှတ် ၆ ရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်း၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မူဆယ်ခရိုင်အတွင်း နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ခရစ္စမတ်ပွဲတော်ကို ဘုရားကျောင်းတာဝန်ရှိသူများဖြစ်သော ဖာသာ ဦးဒေါင်ခေါန်၊ စစ္စတာဒေါ်အားလုံးနှင့် ဓမ္မဆရာ ဦးခေါန်တောင်တို့ကဦးဆောင်၍ ကျင်းပခဲ့ရာ မုံကိုးမြိုနယ်အုပ်ချုပ်ရေးမှူး ဦးငွေဌေးနှင့် ဝတ်ပြုဆုတောင်းသူ ၇၀ ခန့် တက်ရောက်ခဲ့သည်။ ပွဲတော်သို့လာရောက်သည့် ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

မုံကိုးမြို့အမှတ် (၆) ရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်းမှာ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့သော်လည်း တပ်မတော်နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ခရစ္စမတ်ကာလအမီ ပြန်လည်ပြုပြင်ပေးခဲ့သဖြင့် ပွဲတော်ကျင်းပနိုင်ခဲ့သည့်အတွက် ဒေသခံများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

အယ်လ်စိုး(မူဆယ်)

နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား KIA / TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဒီဇင်ဘာ ၂၅
ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်မြိုနယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်စဉ် ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က မုံပေါ်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာသို့အရောက်၌ KIA/ TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့အင်အား ၆၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် လက်နက်ကိုင်များ အရှေ့တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ည ၁၀ နာရီခန့်ကလည်း KIA လက်နက်ကိုင်အင်အား ၁၀ ဦးခန့်က ကွတ်ခိုင်မြို့အဝင် အော်ရီယန်တယ် တိုးဂိတ်အနီးသို့ ကားလမ်း၏ အနောက်ဘက်ခြမ်းနေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကိုင်များ အနောက်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

အလားတူ ယနေ့နံနက် ၇ နာရီခန့်ကလည်း မူဆယ်မြိုနယ်အတွင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် မုံပေါ်ကျေးရွာ၏ အနောက်ဘက် မီတာ ၇၀၀၀ ခန့်အကွာသို့ အရောက်၌ လက်နက်ကိုင် အင်အားအချို့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်များ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်များတွင် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လက်နက်ကိုင်များထံမှ ၇ ဒသမ ၆၂ ကျည် ငါးတောင့်၊ ကျောပိုးအိတ်တစ်လုံး၊ ပြောက်ကျားယူနီဖောင်း ဘက်မပါတစ်စုံနှင့် ဆန်စလွယ်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်နေရာများနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် မိုင်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅
ရှမ်းပြည်နယ် မြောက်ပိုင်း မုံကိုးမြို့ အနီးဝန်းကျင်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၃ နာရီခွဲခန့်က မုံကိုးမြို့ ဖောင်းဆိုင်းကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်ရှိ ကြံတောအတွင်း လက်နက်ကိုင်အဖွဲ့များ ကျန်ရစ်ခဲ့သည့် ရှေ့ထွက်မိုင်းတစ်လုံး၊ နင်းမိုင်းတစ်လုံး၊ အမ် ၂၂ ကျည်အိမ်နှစ်ခု၊ ကျည် ၁၃၁ တောင့်၊ အီနာဂါပုံးသီးတစ်လုံး၊ KIA ဦးထုပ်သုံးလုံးနှင့် MNDAA ယူနီဖောင်းနှစ်စုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ်တွေ့ရှိသည့် မိုင်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်

ထို့အတူ ယနေ့နံနက်ပိုင်းကလည်း တပ်မတော်စစ်ကြောင်းက လမ်းလုံခြုံရေးဆောင်ရွက်စဉ် မူဆယ်မြိုနယ် နမ့်တောင်းကျေးရွာ အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အနီး ချောင်းချောက်အတွင်းမှ ပီနံအိတ်နှစ်လုံး တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ရာ အိတ်များအတွင်းမှ ဒေသန္တရလက်လုပ်မိုင်း ၁၀ လုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မိုင်းနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသည့်နေရာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက စနစ်တကျနယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်တင်ယာဉ်ကျော်တက်စဉ် လမ်းဘေးရပ်နေသည့် ညီအစ်မနှစ်ဦးကိုတိုက်မိ၍ သေဆုံး

အုတ်တွင်း ဒီဇင်ဘာ ၂၅
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြိုနယ် တဲကြီးကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်း၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ကုန်တင်ယာဉ် ကျော်တက်ရာမှ အရှိန်လွန်ကာ ကားလမ်းဘေး၌ ဆိုင်ကယ်ရပ်၍ စကားပြောနေသည့် ညီအစ်မနှစ်ယောက်ကို ဝင်ရောက်တိုက်မိပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ရန်ကုန်မှ မန္တလေးဘက်သို့ ဖိုးခွားလေး (ခ)ဂျေမောင်မောင်(၂၅)နှစ် ညောင်ပင်သာကျေးရွာ တောင်ငူမြိုနယ်နေသူ မောင်းနှင်လာသော 3M/------- SINOTRUK ခြောက်ဘီးယာဉ်သည် ရှေ့မှလမ်းကြောင်းတူသွားနေပြီး တင်မောင်ဦး(၄၁ နှစ်)၈၉ လမ်း မန္တလေးမြို့နေသူ မောင်းနှင်သည့် 9L/------- CNHTC ၁၂ ဘီးယာဉ်ကို ကျော်တက်စဉ် မိုင်တိုင်အမှတ်(၁၆၄/၁ - ၂)ကြား တဲကြီးကျေးရွာ ကားလမ်းမဘေးရှိ မပိုးအိအောင်(၂၀ နှစ်) တဲကြီးကုန်းကျေးရွာ ညီမဖြစ်သူ မချောကလျာအောင်(၁၃ နှစ်)တို့ကို တိုက်မိခဲ့ပြီး ညီအစ်မနှစ်ဦးစလုံး သေဆုံးသွားခဲ့သည်။

ဝင်ရောက်တိုက်မိခဲ့သော ခြောက်ဘီးယာဉ်မှာ ၁၂ ဘီး ကုန်တင်ယာဉ်ကို ဝင်ရောက်တိုက်မိပြီး ကားလမ်းပေါ်၌ တိမ်းမှောက်သွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အုတ်တွင်း မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

လောက်ကိုင်မြို့အတွင်း မူးယစ်ဆေးဝါးများဖမ်းမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ် မြောက်ပိုင်း လောက်ကိုင်မြိုနယ် ရှင်ဖျင်ကိုင်းကျေးရွာ၌ ယမန်နေ့က မူးယစ်ဆေးဝါးများသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လောက်ကိုင်မြို့ရှင်ဖျင်ကိုင်းကျေးရွာရှိ ဦးလီလောက်လျှန်၏ နေအိမ်သို့ ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်က တပ်မတော်စစ်ကြောင်းက သတင်းအရ ဝင်ရောက်ရှင်းလင်းရှာဖွေရာ နေအိမ်၌ ဦးလီလောက်လျှန်ကို စိတ်ကြွရှူးသွပ်ဆေးပြား ၅၁၃၇ ပြား၊ အိုက်စ် တစ်ကီလိုဂရမ်၊ ဘိန်းဖြူအမှုန့်ထုပ် ရှစ်ထုပ်(၈၈ ကီလိုဂရမ်ခန့်)၊ ဘိန်းဖြူအမှုန့် ၅ ဒသမ ၄ ဂရမ်ခန့် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၃၂၂ သိန်းကျော် နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူနှင့် မူးယစ်ဆေးဝါးများကို လောက်ကိုင်မြိုရှိ မူးယစ်တပ်ဖွဲ့သို့ စနစ်တကျလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူသစ်တန်းနှင့် သက်ငယ်တန်း ကရာတေးဒုံပြိုင်ပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ကရာတေးဒုံဆပ်ကော်မတီမှ ဦးစီးကျင်းပသော ဒီဇင်ဘာ အားကစားလှုပ်ရှားမှု သက်ငယ်တန်းနှင့်လူသစ်တန်းကရာတေးဒုံပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးအတွင်းရှိ မြိုနယ်ကရာတေးဒုံကလပ်အသင်းများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းတို့မှ ပြိုင်ပွဲဝင်ကရာတေးကစားသမား၊ ကျောင်းသား ကျောင်းသူ ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီအတွင်းရေးမှူး ဦးဇော်နိုင်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးလိုက်ကာ ပြိုင်ပွဲဝင် ကရာတေးအားကစားသမားများက အားကစားသစ္စာအမ်ဒ္ဓာန်ရွတ်ဆိုကြသည်။ ထို့နောက် မြန်မာ့လက်ရွေးစင် ကရာတေးလူငယ်ကစားသမားများ၊ တိုင်းဒေသကြီး ကရာတေးလက်ရွေးစင်မောင်မယ်များ၊ ကရာတေးကလပ်အသင်းများမှ ကစားသမားများက ကရာတေးဒုံကစားနည်းများကို အဖွဲ့လိုက် တစ်ချက်ကောင်းတိုက်ခိုက်နည်းများ၊ ထိုးနည်းစနစ်၊ တားနည်းစနစ်များ၊ ကန်နည်းစနစ်များတို့ဖြင့် အားကစားသရုပ်ပြသကြပြီး လူသစ်တန်းနှင့် သက်ငယ်တန်းကရာတေးဒုံပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲယှဉ်ပြိုင်အပြီး အသက် ၁၀နှစ်အောက်ပြိုင်ပွဲ၊ ၁၃ နှစ်အောက် ပြိုင်ပွဲ၊ အတန်းလိုက် ခ တ ပြိုင်ပွဲ၊ ၁၄-၁၅ နှစ်အောက် အမျိုးသမီး ကုမိတဲ့ ပြိုင်ပွဲတို့ တွင် ဆုရရှိကြသူများကို အား/ကာသိပ်ပွဲကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး ကရာတေးဒုံ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဇော်နိုင်၊ မြန်မာနိုင်ငံ ကရာတေးဒုံအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

တင်မောင်(မန်းကိုယ်ပွား)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဧရာဝတီမြစ်ကမ်းပါးပြိုကာကွယ်ရေး ကျောက်စီနံရံနှင့် တမံတည်ဆောက်ခြင်းလုပ်ငန်း ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဒီဇင်ဘာ ၂၅

မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ် အတွင်းရှိ ဧရာဝတီမြစ် ကမ်းပါးပြိုကာကွယ်ရေး ကျောက်စီနံရံနှင့် ကျောက်စီတမံ တည်ဆောက်ခြင်းနှင့် မြစ်ကြီးနားမြို့တွင်း ကတ္တရာလမ်းများ တိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ ပြည်နယ်အစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ၁၂၈ သန်း ၄၇ သန်းဖြင့် အင်ခိုင်ဘွမ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်လေ့ဆိပ်ကမ်းပါးပြိုကာကွယ်ရေး ကျောက်စီနံရံနှင့် ကျောက်စီတမံ အလျား ၀၆ ၄၆၀ တည်ဆောက်ရေး ရှင်းလင်းဆောင်သိုရောက်ရှိရာ ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက လုပ်ငန်းများဆောင်ရွက် ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူ ရပ်ကွက်ရှိ မနောကွင်းသို့သွားရောက်၍ မနောအိမ်တော်၌ ကချင်လူမျိုးများရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ မျိုးနွယ်စုအလိုက် ကော်မတီဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားပြီး မနောကွင်းဝင်းအတွင်း ဧရာဝတီမြစ်ရေ တိုက်စားခြင်းမှ ကာကွယ်ရန်အတွက် မြေထိန်းနံရံ တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် သခင်နက်ဖေလမ်းအဆင့်မြင့် တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဗထူးလမ်း (ဝိုင်းမော်ကူးတို့ဆိပ်လမ်းနှင့် သမာဓိလမ်းကြား) တိုးချဲ့ကတ္တရာခင်းခြင်းနှင့် ကွန်ကရစ်တိုးချဲ့ခင်းခြင်း၊ ကွန်ကရစ်တံတားသုံးစင်းနှင့် ဝိုင်းမော်ကူးတို့ဆိပ်လမ်းတိုးချဲ့ကတ္တရာခင်းခြင်း၊ လမ်း ဘယ်ညာကွန်ကရစ်တိုးချဲ့ခင်းခြင်း၊ ကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ကချင်စုရပ်ကွက်၌ ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဧရာဝတီ မြစ်ကမ်းပါးပြိုကာကွယ်ရေး ကျောက်စီနံရံနှင့် ကျောက်စီတမံ အလျား ၂၅၆၆ ပေ တည်ဆောက်ရေး ရှင်းလင်းဆောင်သိုရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံနှုန်းအတိုင်း စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး မင်းရပ် ရပ်ကွက်ရှိ ပြည်သူ့အားကစားကွင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဧရာဝတီမြစ်ကမ်းပါးပြိုကာကွယ်ရေး ကျောက်စီနံရံနှင့် တမံကို စစ်ဆေးစဉ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မြစ်ကြီးနားဌာနခွဲ ပြည်နယ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း မျိုးနွယ်စုအလိုက် တိုင်းရင်းသားဝတ်စားဆင်ယင်မှုပြန်၊ တိုင်းရင်းသား အသုံးအဆောင်ပစ္စည်းများ ပြန်၊ တိုင်းရင်းသားစာပေပြန်၊ တိုင်းရင်းသား ရိုးရာအိမ်ပြန်၊ ရိုးရာပွဲတော်ပြန်၊ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းပြန်၊ ဗုဒ္ဓဆင်းတုတော်ပြန်နှင့် ရှေးဟောင်းပစ္စည်းများ ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(ပြည်နယ်ပြန်/ဆက်)

မြိတ်မြို့နယ်၌ သိမ်းဆည်းခံလယ်ယာမြေများ အမြန်ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်

မြိတ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ အုပ်စုအတွင်းရှိ အဒွင်း၊ ကဘင်း၊ လွတ်လွတ်၊ အထူးကြီးရွာ၊ ထူးဆိပ်၊ ကျောက်ဖျာကျေးရွာများမှ သိမ်းဆည်းခံမြေယာများ ပြန်လည်ရရှိရေးနှင့် မြေယာမှတ်ပုံတင်ခွင့် ရရှိရေး ဆန္ဒထုတ်ဖော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်နံနက် ၈ နာရီကပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒပြအဖွဲ့သည် ကျောက်ဖျာကျေးရွာ ဓမ္မီကာရာမ ပညာဒါနကျောင်းမှ ကျောက်ဖျာလမ်းမကြီးအတိုင်း ကျေးရွာဘောလုံးကွင်းအထိ ဒေသခံပြည်သူ ၂၀၀ ခန့်က မြေယာမှတ်ပုံတင်ရရှိရေး၊ နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိရေး၊ ပျောက်ဆုံးသွားသော အထူးကြီးရွာ ပြန်လည်ရရှိရေး၊ အကောင်အထည် မဖော်ဖြစ်သော ကျောက်ဖျာ-မြို့သစ် စီမံကိန်းဖျက်သိမ်းရေး စသည့်ကြွေးကြော်သံများ ကြွေးကြော်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ဆန္ဒဖော်ထုတ်သူများက ကျောက်ဖျာ ဘောလုံးကွင်း ရှေ့လမ်းမပေါ်၌ ဟောပြောခြင်းများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျောက်ဖျာ မြို့သစ်စီမံကိန်း လုပ်မယ်ဆိုပြီး ၂၀၁၅ ခုနှစ်က ကျောက်ဖျာကျေးရွာ အုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာခြောက်ရွာမှ မြေယာ ၈၀၀၀ ကျော် သိမ်းထားတာပါ။ ဆင်းရဲသားတွေအတွက် ဆုံးရှုံးနစ်နာရတာပေါ့။ သိမ်းဆည်းထားတဲ့ မြေယာတွေကို ပြန်လိုချင်တဲ့အတွက် ဆန္ဒထုတ်ဖော်ကြတာပါ။ ဒါ ပထမဆုံးအကြိမ် ဆန္ဒထုတ်ဖော်ခြင်း ဖြစ်ပါတယ်။ ဒေသခံတွေနစ်နာနေတဲ့ နစ်နာမှုတွေ မြေယာမှတ်ပုံတင်ခွင့်ရရှိအောင်၊ သိမ်းဆည်းထားတဲ့ မြေယာတွေ ပြန်လည်ရရှိအောင် ဆန္ဒထုတ်ဖော်ခွင့်ပြုလုပ်ရတာပါ"ဟု ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သူ ဦးသန်းနိုင်က ဆိုသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းကို မြိတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၏ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအတွက် ခွင့်ပြုမိန့်အရ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်ဦး (မြိတ်)

ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှ ရခိုင်လူငယ်ညီလာခံအကြို တွေ့ဆုံ

မာန်အောင် ဒီဇင်ဘာ ၂၅

ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှ လူငယ်ညီလာခံအကြိုတွေ့ဆုံပွဲအခမ်းအနား ကို ဒီဇင်ဘာ ၂၅ ရက်က မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဇေယျာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့မိ မြို့ဖ ဦးကျော်မြက အမှာစကားပြောကြားပြီး ရှေ့ပြည်တန်ခရီးသည်ပို့ဆောင်ရေးမိသားစုက အမှတ်တရစကားပြောသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးကော်မတီမှ ဒေါ်တင်မေခိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုဦးအောင်သန်းက ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအစပြုကော်မတီဖြစ်ပေါ်လာပုံနှင့် ဖြစ်မြောက်ရေးလှုပ်ရှားမှုအကြောင်းရှင်းလင်း၍ ကိုထွန်းလှိုင်က ဘဏ္ဍာငွေသုံးစွဲရေးကိစ္စရပ်များကို တင်ပြသည်။

ထို့နောက် ရခိုင်လူငယ်ညီလာခံ အကြိုတွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

သိန်းဇေ(ပြန်/ဆက်)

အများအားဖြင့် သာယာမည် ၂၅-၁၂-၂၀၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်၌ ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ ယနေ့အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံး၌ အအေးပေါ့နေမည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ယနေ့နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးဆောင်ကာ မြန်မာနိုင်ငံ အားကစား ကလောင်ရှင်များအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့အောင်ဆန်းမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့သည်။

ယနေ့ကျင်းပသော ကာယဗလမောင်ပြိုင်ပွဲတွင် ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်းနှင့် ၇၀ အထက်ကီလိုတန်း အသီးသီးထည့်သွင်းကျင်းပခဲ့ရာ ပထမဆုကို ၅၅ ကီလိုတန်းတွင် လှိုင်မြို့နယ်မှ ဥာဏ်လင်းဦး၊ ၆၀ ကီလိုတန်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ သန်းဇော်၊ ၆၅ ကီလိုတန်းတွင် စမ်းချောင်းမြို့နယ်မှ သစ်နောင်၊ ၇၀ ကီလိုတန်းတွင် ပန်းဘဲတန်းမြို့နယ်မှ မင်းနိုင်နှင့် ၇၀ အထက်ကီလိုတန်းပြိုင်ပွဲတွင် ဗဟန်းမြို့နယ်မှ မျိုးဇော်တို့က အသီးသီးဆုများရရှိခဲ့ပြီး အကောင်းဆုံးအားကစားသမားဆုကို မင်းနိုင် (ပန်းဘဲတန်း)က ရရှိခဲ့သည်။ မြို့နယ်ပေါင်းစုံ ကာယဗလမောင်ပြိုင်ပွဲသို့ ကစားသမား ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် လူသစ်တန်း၊ အငယ်တန်း၊ အကြီးတန်းနှင့် အလွတ်တန်းတို့ ထည့်သွင်းကျင်းပခဲ့ရာ လူသစ်တန်းပြိုင်ပွဲတွင် ပထမဆုကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ မဖြိုးဖြိုး၊ အငယ်တန်းပြိုင်ပွဲတွင် ပထမဆု အေးသန္တာကျော်(တောင်ဥက္ကလာ)၊ အကြီးတန်းပြိုင်ပွဲတွင် ပထမဆု ချောကလျာထူး(ဗိုလ်တထောင်မြို့နယ်)နှင့် အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ စပယ်သဲမောင်တို့က ရရှိခဲ့သည်။ ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သုံးနှစ်ဆက် ပထမဆုရရှိခဲ့သော အကြီးတန်းမှ ချောကလျာထူးနှင့် အလွတ်တန်းပြိုင်ပွဲမှ စပယ်သဲမောင်တို့အား အထူးဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း) ဓာတ်ပုံ- မင်းထက်

အလွတ်တန်း ပြိုင်ပွဲမှ ပထမဆုရရှိသူ စပယ်သဲမောင်အား ပါမောက္ခဒေါက်တာ သဇင်လွင် ဆုချီးမြှင့်စဉ်

ဆီးရီးယားသို့ပျံ့သန်းလာသည့် ရုရှားစစ်လေယာဉ် ပျက်ကျ၊ လေယာဉ်ပေါ်လိုက်ပါလာသူအားလုံးသေဆုံး

မော်စကို ဒီဇင်ဘာ ၂၅

ရုရှား စစ်လေယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့ နံနက်ခင်းက တပ်နီတော် တပ်မတော်ဂီတအဖွဲ့မှ တေးသီချင်းသီဆိုသူများ၊ အကအဖွဲ့များနှင့် တီးဝိုင်းအဖွဲ့များအပါအဝင် လူ ၉၂ ဦးကို တင်ဆောင်လျက် ဆီးရီးယားသို့ ပျံ့သန်းထွက်ခွာလာစဉ် လမ်းခရီး၌ ပင်လယ်နက်အတွင်းသို့ ပျက်ကျခဲ့ပြီး အသက်ရှင်လွတ်မြောက်သူ မရှိဟု သတင်းပေးပို့မှုရရှိခဲ့ကြောင်း သိရသည်။

တီယူ-၁၅၄ တပ်မတော်လေယာဉ်သည် မော်စကိုလေဆိပ်မှ ထွက်ခွာလာပြီးနောက် လောင်စာဆီဖြည့်ရန် ရုရှားတောင်ပိုင်းရှိအက်ဒလာ၌ ရပ်နားခဲ့ပြီး ဆက်လက်ပျံ့သန်းလာခဲ့ရာ နှစ်မိနစ်အကြာတွင် ရေဒါမျက်နှာပြင်ပေါ်မှ ပျောက်ကွယ်သွားခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ အမည်မဖော်လိုသော သတင်းရင်းမြစ်များက လေယာဉ်ပျက်ကျမှု အတွင်း အသက်ရှင်လွတ်မြောက်နိုင်ဖွယ်ရာ အခွင့်အလမ်းမရှိနိုင်ကြောင်းနှင့် အသက်ရှင်လွတ်မြောက်ကာ ထွက်ခွာသွားသည့် အရိပ်အယောင်များလည်း မတွေ့ရကြောင်း ရုရှားသတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

လေယာဉ်မှ အရေးပေါ်အချက်ပြ သတင်းပေးပို့မှု ပြုလုပ်ခဲ့ခြင်းမရှိဟု သတင်းရင်းမြစ်များကို ကိုးကားလျက် အင်တာဖက်စ် သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

၁၉၇၀ ပြည့်နှစ်များအတွင်းက ပထမဆုံး စတင်ထုတ်လုပ်ခဲ့သည့် ဆိုဗီယက်ခေတ် ဒီဇိုင်းဖြစ်သော အဆိုပါ ဂျက် လေယာဉ်ပေါ်တွင် ခရီးသည် ၈၄ ဦး အပါအဝင် လေယာဉ်အမှူထမ်း ရှစ်ဦး လိုက်ပါလာခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ကိုနာရှန်ကော့ဗ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျသည့်နေရာအနီးတွင် အရေးပေါ်အဖွဲ့များရောက်ရှိနေစဉ်

လေယာဉ်သည် ပြုပြင်ထိန်းသိမ်းမှုတစ်ခုပြီးနောက် ပြုလုပ်ရန် ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ ဆီးရီးယားရှိ ရုရှားစစ်အခြေစိုက်စခန်းမှ ရုရှားသတင်းထောက် ကိုးဦးနှင့် တပ်ဖွဲ့ဝင်များအား ဖျော်ဖြေတင်ဆက်မှု တပ်မတော်လက်နက်ကိုင် အမှူထမ်း များလည်း လေယာဉ်တွင် လိုက်ပါလာကြောင်း သိရသည်။ **(ရိုက်တာ)**

ဂျာဗားတွင် စစ်သွေးကြွနှစ်ဦးကို အင်ဒိုနီးရှားရဲများက အသေပစ်ခတ်ဖမ်းဆီးခဲ့ရ

ဂျကာတာ ဒီဇင်ဘာ ၂၅

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားတွင် တနင်္ဂနွေနေ့က နေအိမ်တစ်အိမ်၌ သံသယဖြစ်ဖွယ် အိုင်အက်စ် စစ်သွေးကြွနှစ်ဦးကို အင်ဒိုနီးရှားရဲအဖွဲ့က စီးနင်းတိုက်ခိုက်မှုများ လုပ်ဆောင်ကာ အသေပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အစ္စလာမ်ဘာသာဝင် အများစုကြီးစိုးသည့် နိုင်ငံတွင် ကြိုတင်ကြံစည်ထားသော အကြမ်းဖက်တိုက်ခိုက်မှုများကို ကာကွယ်သည့် ပစ်ခတ်ဖမ်းဆီးမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အနောက်ဂျာဗားရှိ စီဘီနောင်တွင် သံသယဖြစ်ဖွယ် အမျိုးသားနှစ်ဦးကိုဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးက ရဲအဖွဲ့အား ဂျာတီလူလာ ဒမ်ရှိ နေအိမ်တစ်အိမ်သို့ခေါ်ဆောင်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာဝီဆန်တိုနီယိုက ပြောကြားခဲ့သည်။

အဆိုပါနေအိမ်၌ နောက်ထပ် အမျိုးသားနှစ်ဦးရှိနေပြီး အပြန်အလှန် သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ စစ်သွေးကြွနှစ်ဦးအား အသေပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ဆန်တိုနီယိုက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု ၁၄ ခုထက်မနည်း ဖြစ်ပွားခဲ့ပြီး ဖမ်းဆီးထားသူ ၁၅၀ ကျော်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာ ၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက သေနတ်ပစ်ခတ်မှုနှင့် ပုံးခွဲတိုက်ခိုက်ခံရမှုကြောင့် လူ လေးဦး သေဆုံးခဲ့ ရပြီး အဆိုပါ တိုက်ခိုက်မှုသည် အာဆီယံဒေသ အတွင်း၌ အိုင်အက်စ် အကြမ်းဖက် အဖွဲ့၏ ပထမဆုံးသော တိုက်ခိုက်မှု ဖြစ်သည်။ **(ရိုက်တာ)**

တရုတ်လေယာဉ်တင်သင်္ဘော အနောက်ပစိဖိတ်၌ စစ်ရေးလေ့ကျင့်မည်

ပေကျင်း ဒီဇင်ဘာ ၂၅

ကိုယ်ပိုင်အုပ်ချုပ်မှုစနစ်ဖြင့် ထိုင်ဝမ်၏ သီးခြားရပ်တည်မှုအပေါ် တင်းမာမှုများဖြစ်ပွားနေချိန်တွင် တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောသည် အနောက်ပစိဖိတ်တွင် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ရေတပ်က အဆိုပါလေ့ကျင့်မှုကို စစ်ရေးလေ့ကျင့်မှုလမ်းကြောင်းများ၏ အစိတ်အပိုင်းတစ်ခုဟု ခေါ်တွင်ခဲ့ကြသည်။ တရုတ်ရေတပ်က စနေနေ့ နှောင်းပိုင်းတွင် လျှောင်နင်းလေယာဉ်တင်သင်္ဘောသည် အခြားသောစစ်သင်္ဘောများ လိုက်ပါလျက် ပင်လယ်ပြင်အတွင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော် မည်သည့်နေရာတွင် မည်သည့်လမ်းကြောင်းအတိုင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဟူ၍ အသေးစိတ်ဖော်ပြမှုမျိုးမရှိခဲ့ပေ။ ယင်းလေ့ကျင့်မှုသည် နိုင်ငံပိုင်ရေပိုင်နက်မှ ဝေးကွာသည့်နေရာ၌ ပထမဆုံးသော စစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်လာနိုင်ဖွယ်ရှိကြောင်း ရေတပ်အာဏာပိုင်များက ဆိုသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုကို နှစ်စဉ်ပုံမှန်ပြုလုပ်နေကျဖြစ်သည့် လေ့ကျင့်မှုအစီအစဉ်များနှင့် တွဲဖက်၍ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ရေတပ်၏ထုတ်ပြန်ချက်ကို ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သတင်းစာရှေ့ဖုံး၌ဖော်ပြခဲ့သည်။ ထိုင်ဝမ်ကာကွယ်ရေးဝန်ကြီးဌာနက လျှောင်နင်းသင်္ဘောသည် ဂျပန်နိုင်ငံပိုင် မီယာကိုကျွန်းနှင့် အိုကီနာဝါ ကျွန်းနှစ်ခုအကြားရှိ မီယာကိုရေလက်ကြားသို့ရောက်ရှိနေပြီး ပစိဖိတ်သို့ ဦးတည်နေ သည့်အတွက် အဆိုပါစစ်ဆင်ရေးကို အနီးကပ်စောင့်ကြည့်မှုများ လုပ်ဆောင်နေကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ **(ရိုက်တာ)**

ကြက်ငှက်တုပ်ကွေးအန္တရာယ်ကြောင့် စူကျိုးတွင် ကြက်ငှက်ရောင်းဝယ်မှုကိုခေတ္တရပ်ဆိုင်းမည်

ပေကျင်း ဒီဇင်ဘာ ၂၅

တရုတ်နိုင်ငံစူကျိုးတွင် အိမ်နီးချင်းပြည်နယ်များ၌ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ခံရကြောင်း တွေ့ရှိရပြီးနောက် အများပြည်သူကျန်းမာရေးကို အလေးထားဆောင်ရွက်သည့်အနေဖြင့် မွေးမြူရေးထွက်ကုန်များ ကုန်သွယ်ရောင်းချမှုကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကျီအန်ကျိ အရှေ့ပိုင်းပြည်နယ်အတွင်းရှိ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သည့် စူကျိုးတွင် ကြက်ငှက်များ မွေးမြူရောင်းချမှုကို ရပ်နားမည်ဖြစ်ကြောင်း ပြည်သူ့နေ့စဉ်သတင်းစာက ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတွင် ယခုနှစ် ဆောင်းရာသီအတွင်း H7N9 ရောဂါပိုး ကူးစက်ခံရမှုကြောင့် သေဆုံးသူနှစ်ဦးရှိခဲ့သည်။ ကူးစက်ခံရမှု ခုနှစ်ခုဖြစ်ပွားခဲ့သည့်အနက်မှ ပထမဆုံးအကြိမ် သေဆုံးမှုများရှိလာသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်းက ဟောင်ကောင်နှင့် မကာအိုတို့တွင် ကြက်ငှက်တုပ်ကွေးပိုင်းရပ်စ်ကို လူ၌ကူးစက်မှုများဖြစ်ပွားခဲ့ကြောင်း တုန်လှုပ်ဖွယ်သတင်းပေးပို့မှုများ ပေါ်ထွက်လာခဲ့သည်။

တရုတ်နိုင်ငံတွင် H7N9 ဗိုင်းရပ်စ်သည် ၂၀၁၃ ခုနှစ် မတ်လအထိ တိရစ္ဆာန်များတွင်လည်းကောင်း၊ လူ၌ လည်းကောင်း ကူးစက်ဖြစ်ပွားခြင်းမရှိခဲ့ပေ။ စူကျိုးမြို့၏ အရှေ့တောင်ဘက်မှ ၁၀၀ ကီလိုမီတာအကွာ ရှိရှန်ဟိုင်းမြို့တွင် အမျိုးသားတစ်ဦး H7N9 ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း ပြီးခဲ့သည့်သီတင်းပတ်က သတင်းရရှိခဲ့သည်။ အဆိုပါအမျိုးသားသည် ကျီအန်ကျိသို့ ခရီးထွက်ခွာရာမှ ပြန်ရောက်လာသူဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

အစ္စရေးတွင် ရေနံချက်စက်ရုံ၌ လောင်စာဆီတင်ယာဉ် မီးလောင်

ဟိုင်ဖာ ဒီဇင်ဘာ ၂၅

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့တွင် ရေနံချက်စက်ရုံတစ်ခုမှ လောင်စာဆီတင်ယာဉ် မီးလောင်မှုဖြစ်ပွားခဲ့ကာ အစ္စရေးမြောက်ပိုင်း ဆိပ်ကမ်းမြို့တစ်ခွင်လုံး မဲနက်သော မီးခိုးထုကြီးများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

လတ်တလောတွင် လောင်စာဆီတင်ယာဉ်မီးစွဲလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖော်ပြခြင်းမရှိသေးပေ။ မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အနီးရှိ ဆီသယ်ယာဉ်များကို ကူးစက်လောင်ကျွမ်းမှုမရှိစေရန် သတိကြီးစွာထား၍ ကြိုးစားပြင်မ်းသတ်ခဲ့ကြသည်။ အစ္စရေးရှိ မီဒီယာဝက်ဘ်ဆိုက်များမှ ဖော်ပြထားသည့် ဗွီဒီယိုဖိုင်များတွင် လောင်စာဆီတင်ယာဉ်အား မီးတောက်များနှင့် မီးခိုးများ ပါးမျိုဖုံးလွှမ်းသွားသည့်မြင်ကွင်းကို တွေ့မြင်ရသည်။

အစ္စရေးနိုင်ငံ၏ အကြီးဆုံးရေနံချက်စက်ရုံကို Israel Corp ကုမ္ပဏီက ချုပ်ကိုင်ထားကြောင်း သိရသည်။ **(ရိုက်တာ)**



မက်သဒစ်အသင်းတော် ဘုရားကျောင်းတော်၌ ခရစ္စမတ်ပွဲတော် စည်ကားစွာကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၅

၂၀၁၆ ခုနှစ် ခရစ္စမတ်ပွဲတော် အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၅ လမ်းထောင့် ကျုံးတောင်ဘက်ရှိ မက်သဒစ်အသင်းတော်(အထက်မြန်မာပြည်) မန္တလေးဝယ်စလီ ဆိုဆိုက်တီ မက်သဒစ်အသင်းတော် ဘုရားကျောင်းတော်ခန်းမကြီး၌ ယနေ့ နံနက်က ကျင်းပရာ သိက္ခာတော်ရ ဆရာတော်များ၊ မက်သဒစ်အသင်းတော်မှ တာဝန်ရှိသူများ၊ ခရစ်ယာန်ဘာသာဝင် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်တော်များ၊ မိသားစုဝင်များ Sunday School မှ ကလေးသူငယ် ကျောင်းသား ကျောင်းသူများ၊ မိသားစုတို့နှင့်အတူ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရစ္စမတ်ပွဲတော်အခမ်းအနားတွင် သိက္ခာတော်ရ ဆရာတော်များဖြစ်ကြသည့် သဘာပတိ ဦးပေါ်လွင်ထွေး၊ Rev: ဒေါက်တာ ဇော်ဝင်းအောင်နှင့် Rev: မျိုးမင်းထွေးတို့က ကောင်းချီးမင်္ဂလာနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ယေရှုဘုရားသခင်၏ ဖွားမြင်တော်မူခြင်းဆိုင်ရာနှင့်စပ်လျဉ်း၍ တရားဒေသနာတော်များ ဟောကြားခြင်း၊ ဓမ္မတေးသီချင်းတို့ဖြင့် ဘုရားသခင်၏ ဂုဏ်တော်အား ချီးမွမ်းသီဆိုခြင်း၊ Sunday School ကလေးသူငယ် ကျောင်းသား ကျောင်းသူများ၏ ယေရှု ဘုရားသခင်ဖွားမြင်တော်မူခြင်းဆိုင်ရာ တေးသရုပ်ဖော် တင်ဆက်ခြင်းစသည်တို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး Merry Christmas သီချင်းသီဆိုဖျော်ဖြေကာ ခရစ္စမတ်လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် ဆရာတော်များဦးဆောင်၍ တက်ရောက်ကြသူများက အထူးဆုတောင်းပေးကြပြီး နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးကာ ခရစ္စမတ်ပွဲတော်ကို မက်သဒစ်အသင်းတော် ဘုရားကျောင်းတော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းနှင့် မန္တလေးမြို့ရှိ ဘုရားကျောင်းတို့တွင်လည်း ခရစ္စမတ်ပွဲတော်ကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ကျင်းပကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ပြန်မာကင်းထောက် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ပြန်မာကင်းထောက်ရာပြည့်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၅



ပြန်မာနိုင်ငံ ကင်းထောက်အဖွဲ့သည် ၁၉၁၆ ခုနှစ်မှစတင်ဖွဲ့စည်းကာ ၂၀၁၆ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီဖြစ်ရာ ပြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ နှစ် ၁၀၀ ပြည့် အကြိုအထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်နှင့် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

ပြန်မာနိုင်ငံကင်းထောက်အဖွဲ့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ပြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ပြန်မာကင်းထောက်ရာပြည့် မဂ္ဂဇင်း(၁၉၁၆-၂၀၁၆)ကို နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပခဲ့သည့် ဒီဇင်ဘာ ၂၃ ရက်မှ စတင်ဖြန့်ချိလျက်ရှိသည်။

ပြန်မာ့ကင်းထောက် ရာပြည့် မဂ္ဂဇင်းတွင် ပြန်မာနိုင်ငံကင်းထောက်အဖွဲ့ ရာပြည့်အခမ်းအနားသဝဏ်လွှာကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကလည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာကို အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ ၂၀၁၆ ခုနှစ် သြဂုတ် ၁၁ ရက်တွင် ပြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် ၁၆၄ နိုင်ငံမြောက် တရားဝင်ကြေညာ ခဲ့သဖြင့် နိုင်ငံတကာကင်းထောက်အဖွဲ့အသီးသီး၏ ပြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ချီးကျူးဂုဏ်ပြုသည့် သဝဏ်လွှာများ လည်းကောင်း ဖော်ပြပါရှိသည်။

ထို့အပြင် ပြန်မာနိုင်ငံကင်းထောက်လူပ်ရှားမှု၊ ကမ္ဘာ့ကင်းထောက်လူပ်ရှားမှု ဆောင်းပါး ဓာတ်ပုံများ၊ အမျိုးသား၊ အမျိုးသမီး ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက်များ ကင်းထောက်လူငယ်များရေးသားသည့် ကဗျာများ၊ ကင်းထောက် သုတ၊ ကင်းထောက်လူပ်ရှားမှု ပုံရိပ်များနှင့်အတူ ကိုယ်တွေ့ ကင်းထောက် သတင်းဓာတ်ပုံများ၊ ဆောင်းပါးများဖော်ပြပြီး ပြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံးနှင့် စာနယ်ဇင်း အရောင်းဆိုင်များတွင် တစ်အုပ်လျှင် ငွေကျပ် သုံးထောင်နှုန်းဖြင့် ဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။

ကိုလတ်(သတင်းစဉ်)

စိုက်ပျိုးရေးဦးစီးဌာန၏ အဌမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၅

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာအခန်းကဏ္ဍများမှ ဆောင်ရွက်ခဲ့ကြပြီး သက်ပြည့်အငြိမ်းစား ရယူသွားသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ အကြောင်းအမျိုးမျိုးကြောင့် အနားယူသွားကြသူဝန်ထမ်းဟောင်းများ တစ်နေရာတည်းတွင် စုစုစည်းစည်းပြန်လည်ဆုံတွေ့ကြကာ လူမှုရေး၊ ကျန်းမာရေးများ အားပေးနှစ်သိမ့်ဆွေးနွေးနိုင်ရန်၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီး၀ါကြီး အငြိမ်းစားဝန်ထမ်းဟောင်းကြီးများအား ဂါရ၀ပြုကန်တော့နိုင်ကြရန်တို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၏ သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်း မျိုးစေ့ဌာနခွဲအစည်းအဝေးခန်းမ၌ အဌမအကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း အခမ်းအနားကျင်းပရေးကော်မတီမှ သိရသည်။

ယခုနှစ်ကျင်းပမည့် စိုက်ပျိုးရေးဦးစီးဌာန၏ အဌမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲတွင် အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစား၀န်ထမ်း ၁၈၂ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများအနေဖြင့် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်နှင့် အင်းစိန်မြို့နယ် ကြို့ကုန်း မျိုးစေ့ဌာနခွဲ၊ ပိုးမွှားကာကွယ်ရေးဌာန၊ မြေအသုံးချရေးဌာနတို့၌ ဆက်သွယ်လျှာ်ခန်းနိုင်ကြကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

ကမ်းလွန်လုပ်ကွက်များတိုင်းတာမှုဆောင်ရွက်စဉ် သတိပေးချက်ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာ့ရေနံနှင့်သဘာ၀ဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော SHELL MYANMAR ENERGY PTELTD သည် ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်အမှတ် AD-10, AD-11နှင့် AD-12 တို့တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် R/V POLARCUS AMANI ဖြင့်တိုင်းတာဆောင်ရွက်မည့်ဧရိယာဖြစ်သော Point A မြောက်လတ္တီတွင် ၁၈ ဒီဂရီ ၁၅ မိနစ် ၃၇ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၀ ဒီဂရီ ၅၇ မိနစ် ၄၇ ဒသမ ၅၇ စက္ကန့်၊ Piont B မြောက်လတ္တီတွင် ၁၇ ဒီဂရီ ၅၃ မိနစ် ၄၇ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၁ ဒီဂရီ ၃၇ မိနစ် ၄၇ ဒသမ ၀၈ စက္ကန့်၊ Piont C မြောက်လတ္တီတွင် ၁၇ ဒီဂရီ ၃၂ မိနစ် ၅၂ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၁ ဒီဂရီ ၁၇ မိနစ် ၀၅ ဒသမ ၇၇ စက္ကန့်၊ Piont D မြောက်လတ္တီတွင် ၁၈ ဒီဂရီ ၀၀ မိနစ် ၂၇ ဒသမ ၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၀ ဒီဂရီ ၃၄ မိနစ် ၀၅ ဒသမ ၄၄ စက္ကန့်နှင့် Piont E မြောက်လတ္တီတွင် ၁၈ ဒီဂရီ ၁၅ မိနစ် ၂၈ ဒသမ ၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၀ ဒီဂရီ ၄၄ မိနစ် ၃၄ ဒသမ ၂၄ စက္ကန့်အတွင်းတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဇေဖော်ဝါရီလ ၂၃ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်အမှတ် AD-10, AD-11နှင့် AD-12 တို့တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် R/V POLARCUS AMANI ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ၀တ်လည်အတွင်းအားရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၅

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ဖလမ်းမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန် ခန့်ရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့သည်။

(မိုး/ဇလ)

ခရမ်းလွန်ရောင်ခြည်အန္တရာယ်မကျရောက်ရေး၊ အိုဇုန်းလွှာကို ထိန်းသိမ်းပေး။

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၂-၂၀၁၆ (တနလင်္ဂနေ့)

နံနက်ပိုင်း

၆:၀၀ -	တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ -	ပြည်သူတို့ရဲ့စကားသံများ
၇:၅၀ -	**ရုန်းကန်လှုပ်ရှားဘဝများ (စွန့်စွန့်စားစားကျောက်တူးသမား)**
၈:၃၅ -	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉:၃၅ -	**ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ မြေပြင်တွေ့ရှိချက်များ**
၁၀:၃၅ -	**စိုက်ပျိုးရေးရာအဖြေရှာ လိမ္မော်စိုက်ပျိုးရေး**
၁၀:၄၅ -	(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးအစီအစဉ်

ညပိုင်း

၁၅:၃၅ -	Tasty Trip
၁၆:၃၅ -	လူမှုစီးပွားမြင်ကွင်းများ
၁၇:၁၅ -	This Week 's Special Interest
၁၇:၃၅ -	Yes or No Talk Show Employee or Entrepreneur (Part-2)
၁၉:၁၅ -	**ဒီမိုကရေစီစိတ်ထား** (အပိုင်း-၁)
၂၀:၀၀ -	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ -	**ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကျွန်းဖြင့် ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်**
၂၁:၀၀ -	ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘုရင်မရဲ့ပန်းရွှေကြာ** (အပိုင်း-၇၀) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း **လင်းသောအရပ်မှ စောင့်လတ်သူများ**

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။

မြို့နယ်သတင်းစာဆရာ အသင်းရုံး ဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်သတင်းစာဆရာအသင်း အသင်းရုံးဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က မြို့ဦးစေတီဂေါပကရုံး၌ ပြုလုပ်ရာ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ယင်းနောက် မြို့နယ်သတင်းစာဆရာအသင်း အဆောက်အအုံဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်ကြရာ ဦးဟန်သိန်း (သဇ္ဇန) သဇ္ဇနကုမ္ဗဏီက ငွေကျပ် သုံးသိန်း၊ မြို့နယ်သတင်းစာဆရာ ဥက္ကဋ္ဌ ခရမ်းစိုးမြင့်က ငွေကျပ်တစ်သိန်း၊ အတွင်းရေးမှူး ဦးအောင်မော၊ အောင်ကျော်မြင်းမို (စိန်ကျွန်း)က ငွေကျပ် တစ်သိန်း၊ ဒုဥက္ကဋ္ဌ(၁) ဦးအောင်ထွန်း၊ အောင်ထွန်းနိုင် (ပြည်မြန်မာ)က ငါးသောင်းကျပ်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးစံငြိမ်းက ငွေကျပ် ငါးသောင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးရွှေတွတ်က ငွေကျပ် ငါးသောင်း၊ အမှုဆောင် ဦးညွန့်ဝေက ငွေကျပ် တစ်သောင်းတို့ကိုပေးအပ်ကြရာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်သတင်းစာဆရာအသင်းသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)၌ ရရှိထားသော မြေနေရာတွင် အသင်းရုံးဆောက်လုပ်တည်ဆောက်မည်ဖြစ်ရာ အလှူရှင်များ အနေဖြင့် ဥက္ကဋ္ဌ ခရမ်းစိုးမြင့် ဖုန်း-၀၉-၅၀၆၆၄၀၊ ဒုဥက္ကဋ္ဌ(၁) အောင်ထွန်းနိုင် (ပြည်မြန်မာ) ၀၉-၄၄၄၀၄၅၅၀ ၂၊ ဒုဥက္ကဋ္ဌ (၂) ဦးစံငြိမ်း ၀၉-၂၅၀၂၉၀၀၇၂ အတွင်းရေးမှူး အောင်ကျော်မြင်းမို (စိန်ကျွန်း) ၀၉-၂၅၂၈၄၆၃၂ တို့ထံ ဆက်သွယ်လျှာ်ခန်းနိုင်ကြောင်း သိရသည်။ **(ခရမ်း-စိုးမြင့်)**

ပျော်ဘွယ်မြိုနယ်အတွင်း အစာအဆိပ်သင့်မှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြိုနယ် ရွှေညောင်ဖူး တိုက်နယ်ကျန်းမာရေးဌာန၊ ဖောင်းတောကျေးလက် ကျန်းမာရေးဌာနခွဲ၊ ဖောင်းတောကျေးရွာတွင် ကျင်းပသော ဓမ္မာစရိယအောင်ပွဲအလှူတွင် ကျွေးမွေးသောအစားအစာများနှင့် အလှူပွဲလမ်းသဘင်ဈေးတန်းတွင် ဒီဇင်ဘာ ၂၃ ရက်က ဈေးသည်များရောင်းချသော အစားအစာများအား စားသောက်ခဲ့သူ ၁၁၀၀ ခန့် အနက် ၁၃၆ ဦးသည် ဝမ်းလျှောခြင်း၊ အန်ခြင်း၊ ဗျားခြင်းရောဂါလက္ခဏာ များဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရောဂါစတင်ဖြစ်ပွားသည့် ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီမှစ၍ ယနေ့အထိ ရွှေညောင်ဖူးတိုက်နယ် ဆေးရုံ၌ လူနာစုစုပေါင်း ၁၈ ဦး တက်ရောက်ကုသမှုခံယူခဲ့ပြီး ကျန်လူနာများအား အဆိုပါကျေးရွာတွင် ဖွင့်လှစ်ထားသော ၂၄ နာရီ ယာယီဆေးခန်း၌ ပြင်ပလူနာများအဖြစ် ဆေးကုသမှုပေးခဲ့ကြောင်းနှင့် ယခုဖြစ်စဉ်တွင် သေဆုံးလူနာမရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၂၄ ရက်မှ စတင်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်ဦးဆောင်၍ ဗဟိုကွင်းဆင်းအဖွဲ့၊ တိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်၊ ပျော်ဘွယ်မြိုနယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အစာအဆိပ်သင့်လူနာအား ကျန်းမာရေးဝန်ထမ်းများ စစ်ဆေးဆောင်ရွက်ပေးစဉ်

မှူးနှင့် ရွှေညောင်ဖူးတိုက်နယ်ဆရာဝန်တို့ပါဝင်သော ကွင်းဆင်းအဖွဲ့များသည် ရောဂါဖြစ်ပွားရာကျေးရွာသို့ ကွင်းဆင်း၍ ၂၄ နာရီ ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ အစာနမူနာများ၊ ရေနမူနာများ၊ အလျှုတွင် အစားအစာ ပြင်ဆင်ချက်ပြုတ်သူများနှင့် အစားအသောက်ရောင်းချသော ဈေးသည်များထံမှ လက်တို့ဖတ်နမူနာနှင့် နှာခေါင်းတို့ဖတ်နမူနာများ၊ လူနာများထံမှ စအိုတို့ဖတ်နမူနာများရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးခြင်း အစရှိသည့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ရောဂါကာကွယ်နှိမ်နင်းထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပွဲဈေးသည်များအား ကျန်းမာရေးနှင့်ညီညွတ်စွာ အစားအစာကိုင်တွယ်ရောင်းချရန်ပညာပေးခြင်း၊ ကူးစက်ရောဂါ ရှိ/မရှိ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘာသာရေးဆိုင်ရာ ပွဲတော်များနှင့် နှစ်ကူးပွဲတော်များ ကျင်းပနေချိန်ဖြစ်သောကြောင့် လူအများစုဝေးသော နေရာများတွင် အစာအဆိပ်သင့်မှုအပါအဝင် ကူးစက်ရောဂါများမဖြစ်ပွားစေရေးအတွက် ပွဲတော်လာဈေးသည်များနှင့် ပွဲတော်လာပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်အခါအလိုက် ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သင့်ပါကြောင်း ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ရိုးရာခြင်းလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ဘားအံ ဒီဇင်ဘာ ၂၅

ကရင်ပြည်နယ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရိုးရာခြင်းလုံးအမှတ်ပေးလေးပေါက်တန်း (၁၂) မျိုးခတ်ပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရိုးရာခြင်းလုံး လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရိုးရာခြင်းလုံး လေးပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲကို မြန်မာ့ရိုးရာခြင်းလုံးလောကတိုးတက်ရေး၊ ပြည်နယ်အတွင်း ခြင်းလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်၍ ကရင်ပြည်နယ်အတွင်းရှိ မြိုနယ်ခုနစ်မြိုနယ်၊ ပြိုင်ပွဲဝင်အသင်းခုနစ်သင်းမှ လက်ရွေးစင် ခြင်းလတ်ဘယ်ညာစုံ၊ ခြင်းလတ်မျိုးကွဲ၊ ခြင်းလတ်မျိုးတူခြောက်ယောက်၊ ခြင်းကြီးဘယ်ညာစုံ၊ ခြင်းကြီးမျိုးကွဲ၊ ခြင်းကြီးမျိုးတူခြောက်ယောက်၊ လက်ရွေးစင်ခြင်းမျိုးခွဲ၊ လက်ရွေးစင်ခြင်းမျိုးတူ ခြောက်ယောက် အပိုင်းလိုက်ခတ်နည်းများဖြင့် ဒီဇင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲတွင် ပထမနေ့ ပွဲစဉ်(၁)နှင့် ဒုတိယနေ့ ပွဲစဉ်(၂)ရမှတ်ပေါင်း၍ အမှတ်လိုက်ဆုများ ချီးမြှင့်ရာတွင် ပထမဆုရ ဘားအံမြိုနယ်အသင်း၊ ဒုတိယဆုရ ဖာပွန်မြိုနယ်အသင်း၊ တတိယဆုရ မြဝတီမြိုနယ်အသင်းများနှင့် နှစ်သိမ့်ဆုများအား ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဗဟိုဝိုင်ရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး တက်ရောက်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ဘားအံ)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၅-၂၀၁۶ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇာဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ **(၅)နှစ်ဆက်** ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **"ကမ္ဘောဇာဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပင်လုံဆေးရုံများအုပ်စု
ရွှေဂုံတိုင်ဆေးရုံ၊ ပင်လုံဆေးရုံ
ဥတ္တရသီရိဆေးရုံ (နေပြည်တော်)

မင်္ဂလာပွဲသွား စက်လှေတိမ်းမှောက်၊ လူ နှစ်ဦးပျောက်ဆုံးလျက်ရှိ

မြိတ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပြင်းထန်ကျေးရွာမှ ပိန္နဲတောင်ကျေးရွာသို့ မင်္ဂလာပွဲသွားသော စက်လှေတစ်စင်းသည် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်က မင်္ဂလာပွဲအပြန် ပိန္နဲတောင်ကျေးရွာမှ အထွက်တွင် တိမ်းမှောက်သွားခဲ့ရာ လှေပေါ်လိုက်ပါလာသူများ အနက် နှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ပြင်းထန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းချိုထံမှ သိရသည်။

တိမ်းမှောက်ခဲ့သော စက်လှေကို မော်တောင်ကျေးရွာမှ ဦးညိုဟိန်းမောင်းနှင်ကာ စက်လှေပေါ် တွင် လူ ၄၀ ခန့်လိုက်ပါလာကြပြီး အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း၊ စက်လှေတိမ်းမှောက်ရာတွင် လိုက်ပါလာသူများ အနက် မကပွင့် (၁၂နှစ်)၊ မကနွေး (၁၀နှစ်)တို့မှာ ပျောက်ဆုံးလျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ ပျောက်ဆုံးနေသူနှစ်ဦးကို ပြင်းထန်ကျေးရွာနှင့် ပိန္နဲတောင်ကျေးရွာမှ ဒေသခံများက စက်လှေများဖြင့် ဝိုင်းဝန်းရှာဖွေလျက်ရှိကြောင်း ပြင်းထန်ကျေးရွာ အုပ်ချုပ်ရေးမှူးထံမှ သိရသည်။ **(မြိုနှယ် မြန်/ဆက်)**

ခြောက်ဘီးယာဉ်ဘရိတ်ပေါက်၍ လမ်းဘေးသစ်ပင်ဝင်တိုက် ယာဉ်မောင်း ဒဏ်ရာရ

နောင်ချို ဒီဇင်ဘာ ၂၅

နောင်ချိုမြို့အရှေ့ဘက် မန္တလေး-လားရှိုးကားလမ်း ရထားသံလမ်းကူးအကွေ့တွင် ဒီဇင်ဘာ ၂၄ ရက် နံနက်က ခြောက်ဘီးအဖြူရောင်ယာဉ်တစ်စီး ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဝဲဘက်သစ်ပင်အား ဝင်ရောက်တိုက်မိပြီး ယာဉ်ရှေ့ခေါင်းခန်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်းတင့်လွင်ဦးမှာ ဝဲဘက်ခြေသလုံး ကျိုးသွားသဖြင့် နောင်ချိုမြို့နယ် စေတနာမွန်လူမှုကူညီရေးအသင်းယာဉ်ဖြင့် နောင်ချိုဆေးရုံမှတစ်ဆင့် ပြင်ဦးလွင်ဆေးရုံသို့ တင်ပို့ကုသထားကြောင်း သိရသည်။ ယာဉ်တိုက်မှုကို နောင်ချိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြှိမ်းသတ်ပါ။
၄။ မီးဖိုနင့်အမိုး၊ နံရံအကြား အပူခံ အကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ထိုင်း ငါးခိုးလှေတစ်စင်းဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မြန်မာ့ပင်လယ်ပြင်အတွင်း ပင်လယ်ပြင်လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈နာရီ ၃၅ မိနစ်ခန့်တွင် ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၆ မိုင်ခန့်အကွာ မြန်မာ့ရေပိုင်နက်အတွင်း ခုတ်မောင်းလာသော မသက်ဘွယ်ရာ လှေတစ်စင်းတွေ့ရှိသဖြင့် စစ်ဆေးရန် အချက်ပြခေါ်ယူသော်လည်း မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ နံနက် ၉ နာရီခွဲခန့်တွင် အဆိုပါလှေကို ဖမ်းဆီးရမိခဲ့သည်။

လှေပေါ်တွင် ထိုင်းနိုင်ငံသားတစ်ဦး၊ မြန်မာနိုင်ငံသားလေးဦးပါရှိပြီး စိစစ်မေးမြန်းချက်အရ လှေပိုင်ရှင်မှာ ထိုင်းနိုင်ငံ၊ ရနောင်းမြို့နေ MISS KRUAWAN ဆိုသူဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ရနောင်း ဆိပ်ကမ်းမှထွက်ခွာ၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ရေပိုင်နက်အကြား ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် မြန်မာ့ရေပိုင်နက်အတွင်း တရားမဝင် ငါးခိုးဖမ်းစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိသူ ငါးဦးအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်မိုင်းခွဲရာမှ အလုပ်သမား ၁၀ ဦး ကျောက်စထိမှန်၊ နှစ်ဦးသေ

မြိတ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး ကျွဲကူးကျေးရွာအနီး ဦးမောင်အေးပိုင်ဆိုင်သည့် မိုင်းကွက် အမှတ်(၃) ကျောက်မိုင်းလုပ်ငန်းခွင်တွင် ဒီဇင်ဘာ ၂၄ ရက်က ကျောက်မိုင်းပေါက်ကွဲကာ လုပ်ငန်းခွင်ရှိ အလုပ်သမား ၁၀ ဦး ကျောက်စထိမှန်ကာ နှစ်ဦးသေဆုံးခဲ့ပြီး ရှစ်ဦးမှာဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်မိုင်းလုပ်ငန်းတွင် မိုင်းဆရာ ရန်နိုင်ကျော် ကျောက်ဖြူတောင်ကျေးရွာနေသူက ကျောက်မိုင်းခွဲရန်အတွက် ယမ်းများ ကျင်းအတွင်း ထည့်ထားပြီးနောက် အလုပ်သမားလင်းငယ် ကျောက်ဖြူတောင်ကျေးရွာနေသူအား ယမ်းကြိုးများ ပြင်ဆင်ရန် ခိုင်းစေခဲ့ရာ ယမ်းဗိုင်ယာကြိုးများ ရှော့ဖြစ်ပြီး ကျောက်မိုင်းပေါက်ကွဲကာ အနီးအနားတွင် ကျောက်များကို ကားပေါ်သို့တင်ဆောင်နေသည့် အလုပ်သမား ၁၀ ဦးအား ကျောက်များ ထိမှန်ခဲ့ကာ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း မြိတ်ခရိုင် ရဲတပ်ဖွဲ့မှ သိရသည်။ ကျောက်မိုင်းပေါက်ကွဲမှုဖြစ်ပွားပြီး ဒဏ်ရာရ၊ သေဆုံးသူများကို ကျောက်တင်ကားဖြင့် လုပ်ငန်းခွင်မှ ၄င်းတို့၏ အစီအစဉ်ဖြင့် မြိတ်ပြည်သူ့ဆေးရုံသို့ပို့ ဆောင်ပေးခဲ့သည်။ ဒဏ်ရာရရှိသူ ရှစ်ဦးမှာ ဆေးရုံတွင်အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး**

စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကောလင်း ဒီဇင်ဘာ ၂၅

ကောလင်းမြို့မရဲစခန်းမှ ရဲအုပ်တင်မိုးနှင့်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၄ ရက်က မူးယစ်ဆေးဝါးသတင်းအရ လယ်ရင်းတဲကျေးရွာနေ စိုးစိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်တွင် အိမ်ရှင် စိုးစိုးနှင့်ဇနီးဖြစ်သူ မနှင်းလှိုင်နှင့်အတူ ၎င်း၏နေအိမ်တွင် ရောက်ရှိနေသူ နိုင်လင်းတို့အားတွေ့ရှိခဲ့သည်။

ထိုသို့ရှာဖွေစဉ် ၎င်း၏နေအိမ်အခင်းအောက်တွင် မြေကျင်းတူးချ၍မြှုပ်နှံထားသည့် WYစာတန်းပါ ပန်းရောင်စိတ်ကြွရှူးသွပ်ဆေးပြား ၃၅ ပြား အလေးချိန် ၃ ဒသမ ၅ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၁၇၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ရာ ရဲအုပ်တင်မိုးက တိုင်တန်းခဲ့သဖြင့် ကောလင်းမြို့မရဲစခန်းက စိုးစိုး၊ မနှင်းလှိုင်နှင့် နိုင်လင်းတို့သုံးဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

တရားမဝင် လက်လုပ်တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

ကသာ ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ပန်းညိုကျေးရွာနေ ဖိုးပွ(ခ)ထွန်းလင်း (၃၁နှစ်)သည် တရားမဝင်လက်လုပ်တူမီး သေနတ်တစ်လက် ကိုင်ဆောင်နေကြောင်း သတင်းအရ နမ်းခမ်းရဲကင်းစခန်းမှူး ရဲအုပ်သန်းဝေဦးနှင့်အဖွဲ့က ၎င်း၏နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ကြသည်။

ထိုသို့ဝင်ရောက်ရှာဖွေစဉ် ဖိုးပွ(ခ)ထွန်းလင်း၏ နေအိမ်အနောက်ဘက် ဝင်းခြံအပြင်ဘက် ချုံပုတ်အတွင်း၌ ဝှက်ထားသော သစ်သားဒင်အရှည် လေးပေခန့်ရှိ လက်လုပ်တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းခုနစ်မျိုးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အရေးယူပေးရန် ရဲအုပ်သန်းဝေဦးမှ တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

တရားမဝင် လက်လုပ်တူမီးသေနတ်ကိုင်ဆောင်သူ ဖိုးပွ(ခ)ထွန်းလင်းအား ဝန်းသိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်များ ရွေးချယ်တင်မြှောက်ခြင်း

၁။ မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ ၂၀၁၆-၂၀၁၉ခုနှစ်သက်တမ်းကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီတွင် ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။

၂။ အဆိုပါရွေးချယ်တင်မြှောက်ပွဲတွင် မဲဆန္ဒရှင် ကုမ္ဓဏီ/အသင်းသားကုန်သည်လုပ်ငန်းရှင်များက လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် အောက်ဖော်ပြပါ ဗဟိုအလုပ်အမှုဆောင် (၈)ဦးနှင့် အလုပ် အမှုဆောင် (၇)ဦး၊ စုစုပေါင်း (၁၅)ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်-

၁။ ဒေါ်သင်းသင်းမြတ်	ဥက္ကဋ္ဌ
၂။ ဦးစိုးပိုင်	ဒုတိယဥက္ကဋ္ဌ
၃။ ဦးမျိုးမင်း	အတွင်းရေးမှူး
၄။ ဦးကျော်ဝင်းဟန်	တွဲဖက်အတွင်းရေးမှူး
၅။ ဦးမင်းအုန်းဖေ	ဘဏ္ဍာရေးမှူး
၆။ ဦးသန်းဝင်း	တွဲဖက်ဘဏ္ဍာရေးမှူး
၇။ ဦးစိုင်းထွန်းဝေ	စာရင်းစစ်
၈။ ဦးနေလင်းမြင့်	တွဲဖက်စာရင်းစစ်
၉။ မမွန်မွန်အိ	အလုပ်အမှုဆောင်
၁၀။ ဦးကျော်မျိုးနိုင်	အလုပ်အမှုဆောင်
၁၁။ ဒေါ်မိုးမိုးခိုင်	အလုပ်အမှုဆောင်
၁၂။ ဦးမျိုးအောင်	အလုပ်အမှုဆောင်
၁၃။ ဦးမျိုးနိုင်	အလုပ်အမှုဆောင်
၁၄။ ဒေါ်ရီရီဝင်း	အလုပ်အမှုဆောင်
၁၅။ ဦးဝင်းမင်း(ခ)အတုန်	အလုပ်အမှုဆောင်
၁၆။ ဦးကျော်ထင်	အလုပ်အမှုဆောင်

မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/2591 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/5039 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3381 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/4924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

စာအုပ်စာပေလူ့မိတ်ဆွေ

ကျေးဇူးတင်လွှာ

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာစီမံကိန်း မိတ်ဆက်ဖွင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အားလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဖေဇင်ထွန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဗိသုကာကောင်စီနှင့် မြန်မာနိုင်ငံဗိသုကာအသင်းတို့မှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများနှင့် တက်ရောက်ချီးမြှင့်ပေးကြပါသော ဧည့်ပရိသတ်များအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန

ခုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်
ဒုတိယဗိုလ်ချုပ်ကြီး သီရိဝုံချီမောင်မောင်အေး-ဒေါ်ဝါဝါသင်းတို့၏ သားတပည့်
ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ
ဦးဝင်းနိုင်ကျော် (တရားလွှတ်တော်ရှေ့နေ)- ဒေါ်ခင်ပြုံးကျော်
(အထက်တန်းကျောင်းအုပ်ဆရာမကြီး-ဒြိမိုး)တို့၏ သားငယ်

ဗိုလ်ကြီး ရဲဘုန်းကျော်
B.C.Sc (DSA)
M.Sc (Engineering) (BMSTU, Russia)
M.A (International Relations) (IUJ, Japan)
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
နှင့်
နေပြည်တော်၊ တပ်ကုန်းနေ
ဗိုလ်မှူးချုပ်မျိုးအောင်-ဒေါ်ပစိုးတို့၏ သမီးကြီး

မအေးမြတ်မွန်ဦး
B.Pharm (University of Pharmacy, Yangon)
M.B.A (Assumption University, Thailand)
Dip. in Eng: (YUFL)
ဆေးဝါးစက်ရုံ (အင်းစိန်)၊ စက်မှုပန်ကြီးဌာန

တို့၏ ၁၈-၁၂-၂၀၁၆ရက် မအူပင်မြို့ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသောမင်္ဂလာဦးဆွမ်းကပ်လှူပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မြို့နယ်တရားသူကြီး ဒေါ်ဖြူဖြူသင်းနှင့်ပါဝင်ကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂီဟများအားလည်းကောင်း၊ ၂၅-၁၂-၂၀၁၆ရက် ရန်ကုန်မြို့၊ ကုန်းမြင့်သာဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သီရိဝုံချီ မောင်မောင်အေးနှင့်ဧနီး ဒေါ်ဝါဝါသင်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဧရယျကျော်ထင်စန်းမြင့်နှင့်ဧနီး ဒေါ်စန်းစန်းအေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်ဆွဲပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဧရယျကျော်ထင်ကိုကိုလွင်နှင့်ဧနီး ဒေါ်မိုးမိုးလွင်အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး(ဗြိမိုး) မဟာသီရိသုမ္မဦးတင်အေးအားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဧရယျကျော်ထင်သိန်းဌေး၏ဧနီးဒေါ်မြင့်မြင့်ခိုင်အားလည်းကောင်း၊ စစ်ဘက်၊ နယ်ဘက်နှင့် ကုမ္ပဏီအသီးသီးမှဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်အောင်မြင်စေရန် ဦးစီးဆောင်ရွက်ပေးပါသော ဦးစီးနိုင်ဝင်း၊ မင်္ဂလာအခမ်းအနားမျူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်နှင့်မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေတင်ဆက်ပေးပါသော ဒေါ်ဟေမာနေလင်း၊ မပန်းအိဖြူနှင့်ဝိုင်းတော်သားများအားလုံး၊ မင်္ဂလာအလှပန်းဆင်မြန်းပေးပါသော ဦးခင်မောင်ဝင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးပါသော နဝရက်ရိုက်ကူးရေးအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော တော်ဝင်သူမေဦးမောင်၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော Dagonပုံနှိပ်တိုက်အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂီဟများ၊ သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားများဖြစ်မြောက်အောင်မြင်စေရန် အဘက်ဘက်မှကူညီပံ့ပိုးပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို တစ်ဦးမကျန်လိုက်လဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်ကြီး ရဲဘုန်းကျော်-မအေးမြတ်မွန်ဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)၏
(၁၃)ကြိမ်မြောက် BE/ B.Tech ဘွဲ့အတွက်
ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း - ၄-၂-၂၀၁၇ ရက်(စနေနေ့) နံနက် ၉ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၅-၂-၂၀၁၇ရက်(တနင်္ဂနေနေ့) နံနက် ၉နာရီ ၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော BE/ B.Tech စာမေးပွဲအောင်မြင်သူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက်ဘွဲ့ BE/ B.Tech ဘွဲ့အတွက် ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ BE/ B.Tech ဘွဲ့အတွက် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတိထည့်သွင်းရိုက်ကူးခြင်း မပြုရန်)နှင့် အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၆ရက်(တနလာနေ့)မှ စ၍ ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၀-၁-၂၀၁၇ရက် (သောကြာနေ့) နောက်ဆုံးထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊အနောက်တိုင်း(အမျိုးသား) ဝတ်စုတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်နိုင်သည်။

(အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်ပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက်။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(လားရှိုး)ရှိ ကျောင်းသားရေးရာဌာန (ဖုန်း-၀၉-၃၆၃၃၅၅)တွင် စုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာ၊ နည်းပညာတက္ကသိုလ်(လားရှိုး)

အဓမ္မဝါဒစာအုပ်ထုတ်ဝေခြင်းအား ကန့်ကွက်ခြင်း

သျှင်ဥက္ကဋ္ဌ၏လူသေလူဖြစ်ဝါဒကို နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့အမှတ်(၂)က အဓမ္မဝါဒအဖြစ် ၂၉-၁၀-၁၉၈၁ရက်တွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ ၃၀-၁၀-၁၉၈၁ရက်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ယင်းအဓမ္မဝါဒများ မပြန့်ပွားစေရေးအတွက် လူသေလူဖြစ်ဝါဒအား တားမြစ်ပိတ်ပင်သည့် အမိန့်ကြော်ငြာစာအမှတ် ၂/၈၁ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူသေလူဖြစ်ဝါဒများ ဖျက်သိမ်းရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ညွှန်ကြားလွှာအမှတ် ၃၅၅ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် ၂၁-၇-၂၀၁၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၉တွင် ၁၂-၇-၂၀၁၆ ရက်နေ့မှ ၁၈-၇-၂၀၁၆အထိ ထွက်ရှိသောစာအုပ်စာရင်း အမှတ်စဉ် ၆၁၅၅ သျှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်စာအုပ်ထုတ်ဝေသူ အဓိပတိ(ဦးအောင်)ဟု ဖော်ပြပါရှိသဖြင့် အဓမ္မဝါဒအဖြစ် သတ်မှတ်ပြီးဖြစ်သော သျှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ် စာအုပ်ထုတ်ဝေမှုအား ကန့်ကွက်ပါကြောင်းနှင့် ပြန်လည်ရုပ်သိမ်းရန် အသိပေးအကြောင်းကြားပါသည်။ ပြန်လည်ရုပ်သိမ်းခြင်းမပြုလုပ်ပါက ဝိနည်းဓမ္မကံအဓိ ကရုဏာမူခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၇၀၄၉၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ခြင်း

ယာဉ်အမှတ် 3D/8949 Mitsubishi Canter, Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ကြီး ၁၂/ဗတထ(နိုင်)၀၃၅၂၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8949 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ယာဉ်မှတ်ပုံတင်ကတ်ပြားပျောက်ခြင်း

ယာဉ်အမှတ်(၂)ကတ/ဇရ၃၃ Isuzu Joruney M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်းသက်ဇ/လဝန(နိုင်)၁၂၅၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ခြင်း

ယာဉ်အမှတ်6H/3009 Honda Airwave GJI M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းနွန်း၁၃/ကတန(နိုင်)၁၁၃၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ခြင်း

ယာဉ်အမှတ် ၃ဒယ/၃၃၂၃၄ Honda diok 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုး ၉/မခန(နိုင်)၁၆၀၆၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

၄ားမည်

ဂိုဒေါင်နှင့် RC နှစ်ထပ်တိုက် တွဲလျက်၄ားမည်။
သဃ်နိန်းကျွန်းမြို့နယ်
ဖုန်း - ၀၉-၂၆၀၈၁၆၆၇
၀၉-၂၅၄၆၀၈၇၆၉

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၂၀' ×၆၀' တစ်ထပ်ပျဉ်ထောင်၊ အရှေ့လှည့်၊
သာကေတာ(၄)တောင်ရပ်ကွက်၊ မြို့မ ၇ လမ်း၊ ဂရန်အမည်ပေါက်၊ အရှေ့ပိုအရှင်းမရှိ၊ မျက်နှာချင်းဆိုင်၊ မီးတားရေကန်သာရှိ၊ ကားပါကင်(၃)စီးစာ ရနိုင်။ သက်သာသော မြေညီတိုက်ခန်းဈေးနှုန်းဖြင့် ရောင်းမည်။ ပတ်ဝင်းကျင်ကောင်း၊ ရပ်ကွက်သန့်သည်။ **ဖုန်း-၀၉-၄၃၂၀၂၀၁၆**

BLUE DIAMOND CEMENT
OFFICE TEL : 09-777777688
ဘလူးနိုင်းမွန်းဘိလပ်ဇင်မြေ
STRENGTH FOREVER
ဘလူးဒိုင်းမွန်းဘိလပ်ဇင်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
"We are looking for the experienced personnel of Production, Marketing and Accounting. Please send CV to kyawttheingi31@gmail.com"

ရင်ခွင်မဲ့သော်လည်း ဘဝအလင်းရောင်ထွန်းလင်းစေသည့် စမတောင်ပေါ်မှလူငယ်ဖွံ့ဖြိုးရေးပန်းဥယျာဉ်

သတင်းဆောင်းပါး - သော်တာနမ့်စန်

"ပိုင်ရှင်မဲ့ ပန်းအထွေထွေ လန်းဝေဖို့အရေး စေတနာစေတသိတ်တွေ ယိုဖိတ်ပျံ့လွှမ်း" ဟူသောစမတောင်ပေါ်မှ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို ဂုဏ်ပြုသော ကဗျာလေးပြန်မြင်ယောင်ရင်း စမတောင်ပေါ်ရှိပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကျောင်းတော်ကြီးကို တွေ့မြင်ရသောအခါ တိုင်းပြည်၏ အနာဂတ်သားကောင်းရတနာ ဝန်ထမ်းကောင်းများမွေးထုတ်ပေးနေရာပါလားဟု ကြည်နူးဝီတိစိတ်ဖြစ်လျက် မုဒိတာပွားမိပါသည်။

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့နှင့် လေးမိုင်ခန့်အကွာအဝေးရှိ အလယ်ရိုးမပေါ်တွင်ရှိသော ဘာသာတရား၏အေးချမ်းမှုနှင့်မေတ္တာဓာတ် ပြည့်ဝသော၊ ဆရာတော်တို့၏အနာဂတ်ဘဝချို့တဲ့နေရှာသော ရင်ခွင်မဲ့ကလေးငယ်တို့ကို ပြုစုပျိုးထောင်ပေးခဲ့သည်မှာ ၁၉၉၀ပြည့်နှစ်မှ ယနေ့တိုင်ပင်ဖြစ်ရာ အဆိုပါကျောင်းတော်မှ တိုင်းပြည်တာဝန် ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများကိုလည်း မွေးဖွားသန့်စင်ပေးလျက်ရှိသည်။

တည်ထောင်စတွင် ကလေးငယ် လေးဦးဖြင့် လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို ဖွင့်လှစ်ခဲ့ပြီး တစ်လအတွင်းကလေးငယ် ၂၅ ဦးကို ပြုစုစောင့်ရှောက်ပျိုးထောင်ပေးခဲ့သည်။ ကျောင်းအုပ်ချုပ်သူဆရာတော်မှာ ဘဒ္ဒန္တဝိမလနှင့်ဘဒ္ဒန္တဥာဏိန္ဒဆရာတော်နှစ်ပါးဖြစ်ပြီး တည်ထောင်စက ကလေးငယ်တို့၏ စားဝတ်နေရေး၊ ကျန်းမာရေးစသည့် လူမှုစောင့်ရှောက်ရေးတို့အတွက် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရသည်။ ဝါးကျောင်းလေးပေါ်တွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ပြုစုပျိုးထောင်ခဲ့ပြီး ပညာသင်ကြားမှုအပိုင်းတွင်လည်းမပြည့်မစုံဖြင့်ဖြတ်သန်းခဲ့ကြရသည်။ အဆိုပါအခက်အခဲများကြားကပင် သံယောဇဉ်အမျှင်တန်းကြီးမားလှစွာသော ဆရာတော်နှစ်ပါးက ကလေးများကို ပြုစုပျိုးထောင်ပေးခဲ့သည်။ ကျောင်းတွင်ရှိသော ကလေးများအပြင် စမတောင်အနီးရှိ ရွာများမှ ပညာသင်ကြားရန် ခက်ခဲနေသော ကလေးငယ် ၁၀၀ ခန့်ကိုလည်း ကျောင်းဝတ်စုံနှင့် စားသောက် ရေးမှအစ ကျောင်းမှတာဝန်ယူကာ ပညာသင်ကြားပေးနိုင်ခဲ့ပြီး ယခုနောက်ပိုင်းတွင် ကွန်ပျူတာပညာနှင့်စက်ချုပ်ပညာစသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်တို့ကိုပါ သင်ကြားပေးလျက်ရှိသည်။

စမတောင်လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှပညာသင်ကြားပေးခဲ့သော လူငယ်များအနက် ဘွဲ့ရလူငယ်အချို့မှ ဆရာ ဆရာမတို့အဖြစ် ဤကျောင်းတွင် ပြန်လည်သင်ကြားပေးလျက်ရှိသည်။ စမတောင်ပေါ်ရှိ ကျောင်းသားများမှာ အထက်တန်းအဆင့်ပညာကိုသာဝတ္ထိမြို့တွင် သွားရောက်သင်ကြားရသည့်အတွက် ကျောင်းသားများ သွားလာရေးအဆင်ပြေစေရန် စက်ဘီးများကို စမတောင်ကျောင်းမှ စီစဉ်ပေးထားကာ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဒေါက်တာကျော်ဇင်ဝင်း၊ ဆေးမှူးဦးကျော်မိုးနှင့် သူနာပြုဆရာမ ဒေါ်နော်အဲပလင်းတို့က မေတ္တာစေတနာဖြင့် ပြုစုကုသပေးလျက်ရှိနေသည်။ ယနေ့အချိန်တွင် စမတောင်လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ဘွဲ့ရ ၂၄ ဦး၊ နည်းပညာတက္ကသိုလ် ကိုးဦး၊ ဝိုလ်လောင်း ငါးဦး၊ သူနာပြု ငါးဦး၊ စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်သူတစ်ဦး၊ အဝေးသင်တက္ကသိုလ်သို့ တက်ရောက်သူ ၂၇ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကာ နို့ဘူးတိုက်ကလေး ၄၈ ဦး အပါအဝင်မူကြိုတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူ ၄၈၅ ဦးကို ပညာသင်ကြားပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ယနေ့တွင်ကျောင်း၌ပြုစုစောင့်ရှောက်ထားသောကလေးသူငယ် ကျောင်းသား ၅၅၆ ဦး ရှိပြီး နှစ်လသားမှ နှစ်နှစ်အရွယ်အထိ ရင်ခွင်ပိုက်ကလေး ၄၈ ဦးကို ပြုစုစောင့်ရှောက်လျက်ရှိပြီး အဆိုပါ ကျောင်းသားတို့အတွက် ပညာသင်ကြားရေးအထောက်အကူပြုပစ္စည်းတို့ကို လှူဒါန်းနိုင်သည့်အပြင် အာဟာရဒါနအဖြစ်လည်း လှူဒါန်း၍ ကုသိုလ်ပြုနိုင်ကြောင်း သိရသည်။ အမြန်လမ်းမကြီး၏(၁၁၅)မိုင်မှ အလှူရှင်တို့ကလည်း နှစ်စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။ လစဉ်အလှူရှင်၊ သင်္ခါတရားဖြင့် လာရောက် လှူဒါန်းသော အလှူရှင်ရှိသော်လည်း ကျောင်းသားတို့၏ နေ့စဉ်စားမှု၊ သောက်မှုနှင့် အထွေထွေလိုအပ်ချက်တို့ရှိနေဆဲဖြစ်သည်။ အဆိုပါ ပရဟိတကျောင်းမှာ ဆရာတော်တို့၏မေတ္တာ၊ အလှူရှင်တို့၏ သင်္ခါတရားဖြင့် ဝါးကျောင်းလေးမှသည် ခိုင်မာသော အဆောက်အအုံတိုဖြင့် တဖြည်းဖြည်းဖွံ့ဖြိုးစပြုလာပြီဖြစ်သည်။ နောင်တွင် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း၊ ပရဟိတလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်းလည်း သိရသည်။

အဆိုပါကျောင်းတွင် တိုးတက်များပြားလာသော ကျောင်းသားဦးရေတို့၏ အနာဂတ်ပညာရေးအတွက် ဆက်လက်ဖော်ဆောင်မည့် ပရဟိတလုပ်ငန်းများနှင့် အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး၊ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့အတွက် လိုအပ်ချက်များစွာ ရှိနေဆဲပင်ဖြစ်သည်။

ဤကျောင်းလေးတွင် နွေရာသီ၌ကျောင်းပိတ်ရာသီဟုဆိုသော်လည်း လောကီပညာများသင်ကြားမှုပြီးစီးသည့်တိုင် လောကုတ္တရာပညာများကို ဆရာတော်များက ဆက်လက်သင်ကြားကြောင်းလည်း သိရသည်။ "ပိုင်ရှင်မဲ့ ပန်းဘဝ လန်းလှဖို့ပျိုးထောင်၊ ကြင်နာသနား ပညာအား ငွေအား လူအား သင်္ခါအားတွေနဲ့ စွမ်းအားမြောင်း၊ သာဝတ္ထိစမတောင် အလှဆောင်တဲ့ ဥယျာဉ်နန်း၊ ပန်းအထွေထွေနဲ့ ပြုစုပေးတယ်ကွယ်မွှေးတဲ့စခန်း" ဟု စမတောင်လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို ဂုဏ်ပြုသော ကဗျာဆရာကျော်စွာသူ (သာယာဝတီ)၏ကဗျာဖြင့် ကလေးငယ်တို့၏အနာဂတ်ဘဝ လှပသာယာကာ တိုင်းပြည်အတွက်ခွန်အားတစ်ရပ်ရရှိစေမည့် လူငယ်မျိုးဆက်သစ်များ ပြုစုပျိုးထောင်လျက်ရှိသည့် စမတောင်ပေါ်မှ လူငယ်ဖွံ့ဖြိုးရေးပန်းဥယျာဉ်သို့ အလှူရှင်များ သင်္ခါတရားဖြင့် လှူဒါန်းလိုပါက ၀၉-၄၉၂၀၅၅၃၃၁၊ ၀၉-၄၂၀၇၅၇၀၇၀ တို့သို့ဆက်သွယ်နိုင်ကြောင်း အကျိုးဆောင်၍ ရင်ခွင်မဲ့ကလေးများ ဘဝအလင်းရောင်ထွန်းလင်းစေရန် တင်ပြလိုက်ရပါ သည်။ ။

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့နှင့် လေးမိုင်ခန့်အကွာအဝေးရှိ အလယ်ရိုးမပေါ်တွင်ရှိ သော ဘာသာတရား၏အေးချမ်းမှုနှင့်မေတ္တာဓာတ် ပြည့်ဝသော၊ ဆရာတော်တို့၏အနာဂတ် ဘဝချို့တဲ့နေရှာသော ရင်ခွင်မဲ့ကလေးငယ်တို့ကို ပြုစုပျိုးထောင်ပေးခဲ့သည်မှာ ၁၉၉၀ပြည့်နှစ်မှ ယနေ့တိုင်ပင်ဖြစ်ရာ အဆိုပါ ကျောင်းတော်မှ တိုင်းပြည်တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများကိုလည်း မွေးဖွားသန့်စင်ပေး လျက်ရှိသည်။

မြို့နယ်အလိုက်လွှတ်တော်ရန်ပုံငွေဖြင့် မြို့နယ်ရပ်ကွက်များအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုလွှတ်တော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း တစ်ထောင်ချထားပေးလျက်ရှိရာ ယခုအခါ မြို့နယ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တာမွေမြို့နယ်မှာ ပြည်ထောင်စုလွှတ်တော်က တစ်မြို့နယ်လျှင် ငွေကျပ်သိန်းတစ်ထောင်ချပေးတဲ့ ရန်ပုံငွေနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများစတင်ဆောင်ရွက်နေပါတယ်။ တာမွေ မြို့နယ်မှာ ရပ်ကွက် ၂၀ ရှိပါတယ်။ တစ်ရပ်ကွက်ကို သိန်း ၅၀ ရပါတယ်။ သိန်း ၅၀ နဲ့ညီမျှတဲ့ လမ်းတွေ ပြုပြင်တာတွေ၊ ရေမြောင်းတွေ ပြုပြင်တာတွေစတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ရပ်ကွက်မှာတော့ အောင်ချမ်းသာလမ်းမှာ အရှည်ပေ ၂၃၀(၁ ဒသမ ၆ လက်မ ၂ ပေ) ရှိတဲ့ ရေမြောင်းကို ပြုလုပ်လျက်ရှိပါတယ်"ဟု ဗျိုင်းကွက်သစ် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ဖွံ့ဖြိုးရေးလွှတ်တော် ရန်ပုံငွေအဖြစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာမြို့နယ်အလိုက် တစ်မြို့နယ်လျှင် ငွေကျပ်သိန်းတစ်ထောင်နှုန်းဖြင့် ချထားပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ အဆိုပါ လွှတ်တော်ရန်ပုံငွေဖြင့် မြို့နယ် ရပ်ကွက်များအတွင်း အများနှင့် သက်ဆိုင်သော လမ်းများ၊ ရေနုတ်မြောင်းများပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းစသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

ကျောက်တော် ဒီဇင်ဘာ ၂၅

ကျောက်တော်မြို့နယ် အမျိုးသမီးကွန်ရက်အဖွဲ့၏ အနီးကပ်ပံ့ပိုးကူညီမှုနှင့် ကွဲပြားခြားနားမှု အမျိုးသားရေးသဟဇာတ ပြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(Center For Diversity and National Harmony-CDNH) သည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လူမှုအဖွဲ့အစည်းများရှိ စွမ်းအားအရင်းအမြစ်များကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုရန် ရည်ရွယ်၍ ဒီဇင်ဘာလတတိယပတ်က ကျောက်တော်မြို့ချမ်းမြေနဒီပန်းခြံ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် တရားလွှတ်တော်ရှေ့နေ ဦးမြင့်ဆွေက လူကုန်ကူးမှုနှင့် ပတ်သက်သော ဥပဒေရေးရာအကြောင်း ဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က ယာဉ်အန္တရာယ်နှင့် လူမှောင်ခိုကူးခံရခြင်းအကြောင်းများကို ပြောကြားသည်။ အဆိုပါအဖွဲ့သည် IOM ဟုခေါ်သော International Organization For Migration အဖွဲ့၏ ပံ့ပိုးမှုနှင့် CSO အဖွဲ့များပူးပေါင်းပြီး ဤရခိုင်ဒေသသို့ လာရောက်ပညာပေးရခြင်းဖြစ်ပြီး မိမိတို့ CDNH အဖွဲ့က ပဋိပက္ခကြိုတင်ကာကွယ်ရေးအတွက် သင်တန်းများပို့ချပေးခြင်း၊ မြန်မာနိုင်ငံ လူမှုစီးပွားအတွက် သုတေသနပြုလုပ်ခြင်း၊ ပြည်သူနီတိ စာအုပ်များထုတ်ဝေခြင်း၊ သင်တန်းများပို့ချခြင်း၊ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုကာကွယ်တားဆီးရေးအစီအစဉ်အတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ယခုရခိုင်ပြည်နယ်ခရီးစဉ်တွင် စစ်တွေတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၃၀ ကျော်တို့ဖြင့် တောင်ကုတ်၊ မအီ၊ ရမ်းခြဲ၊ အမ်း၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့များသို့ လာရောက်ခြင်းဖြစ်ပြီး မြို့ပေါ်နှင့်နယ်များတွင် ဟောပြောပွဲပေါင်း ၃၀ ကျော်ပြုလုပ်ခဲ့ကာ ပြည်သူ ၇၀၀၀ ကျော်တို့ကို ဟောပြောပေးခဲ့ကြောင်း ယင်းအဖွဲ့၏ တာဝန်ခံတစ်ဦးက ပြောကြားသည်။

တင်လှိုင်

မန္တလေးမြို့၌ နိုင်ငံတကာခရီးသွားပြပွဲကြီး MITM 2017 Mandalay ကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၂၅

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင် များ အသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်အဖြစ် MYANMAR INTERNATIONAL TRAVEL MART 2017 (MANDALAY) နိုင်ငံတကာခရီးသွားပြပွဲကြီးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ၂ ရက်နှင့် ၁၃ ရက်တို့တွင် မန္တလေးမြို့ Diamond Plaza ငါးလွှာ၌ နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါပြပွဲတွင် Outbound လိုင်စင်ရခရီးသွားကုမ္ပဏီများ၊ ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ပြည်ပဆေးရုံများ၊ ခရီးသွားလုပ်ငန်းရှင်နှင့်ဆက်စပ်သည့်လုပ်ငန်းများ၊ ဘဏ်များ၊ Telecom များ၊ ပို့ဆောင်ရေးလုပ်ငန်းများမှ ပြခန်းပေါင်း ၁၂၀ ကျော်ဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်ရာတွင် ခရီးသွားပြည်သူများအနေဖြင့် Outbound လိုင်စင်ရ ခရီးသွားကုမ္ပဏီများဖြင့် ဆက်သွယ်ပြီး နိုင်ငံတကာခရီးစဉ်များသို့ အလည်အပတ်သွားရောက်လိုသူများ၊ အပန်းဖြေခရီးသွားရောက်လိုသူများ၊ ပြည်ပနိုင်ငံများသို့ ကျောင်းသွားရောက်တက်လိုသူများ၊ ဆေးကုသမှုခံယူလိုသူများ၊ စျေးဝယ်ထွက်လိုသူများကို ယုံကြည်စိတ်ချရသော ခရီးသွားကုမ္ပဏီများနှင့် တစ်စု တစ်စည်းတည်း စျေးနှုန်းသက်သာစွာဖြင့် တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်ပြီးမန္တလေး မြို့တွင် ကျင်းပမည့် နိုင်ငံတကာ ခရီးသွားပြပွဲကြီးသို့ မန္တလေးမြို့မှ ခရီးသွားချစ်သူ အပေါင်းမည်သူမဆို လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း အမှတ်(၂၉) ရှစ်လွှာ (UMTA-Union of Myanmar Travel Association)ဖုန်း-၀၉-၅၁၃၃၆၅၅၊ ၀၉-၂၀၀၅၆၄၈ တို့သို့ကြိုတင် ဆက်သွယ်နိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

သရက်တောင်သူများအတွက် အစက်ကလေးတစ်စက်

ဆောမျိုးနွယ်

သရက်သီးလောကမှာ ရေပန်းအစားဆုံးကတော့ စိန်တစ်လုံး သရက်ပါပဲ။ အမြင်နဲ့စားမလား၊ အနံ့ကိုစားမလား၊ အရသာကို စားမလား၊ အာဟာရတန်ဖိုးတွေကို စားမလား၊ ကြိုက်တာနဲ့စား အရသာတွေမှာ သေချာလုပါတယ်။

အရင်ဦးဆုံး အမြင်နဲ့စားကြည့်ကြရအောင်။ အလုံးအရွယ်မကြီးမသေး၊ အခွံမခွာသေးဘဲ ကြည့်လိုက်ရင်ကို အဝါရောင်ဝင်းအိအိလေး၊ နူတ်ခမ်းလေး မပေါ့တပေါ်ကို ရသလောက် စူထားလိုက်သေးတယ်။ အသားအရေကလည်း ချောမွေ့လိုက်ပါဘိ။ ဒီအတိုင်း ထိုင်ကြည့်နေရသည်ကိုက အရသာရှိလှပေ၏။ အတွင်းသားတို့ကား ဆိုဖွယ်ရာမရှိ။

အနံ့ကိုမြည်းကြည့်လိုက်ပါဦး။ ရှတခြင်းကင်း၏။ သရက်၏ စွဲမက်စရာရနံ့ဟူသည် သူ့ထံတွင်အပြည့်။ လျှာပေါ်မတင်မီကပင် ချိုမြသည့်အတွေ့ကို ဂန္ဓာရုံကသိနှင့်လေ၏။ လျှာပေါ်တင်၍ စားချိန်တွင်ကား ချို၏။ မွှေး၏။ နူးညံ့လှပေ၏။ လျှာပေါ် တွင် အမြင်၊ အနံ့၊ အရသာပေါင်းရုံး၍ ရောက်နေသည်ဖြစ်၍ ထိုအခိုက်တွင် အားရခြင်းကိုရှာမတွေ့၊ လျှာလည်၍ စွတ်ကယ်စွတ်ကယ်သာ စားမိလေတော့၏။ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ဖြင့် စားသောက်ပြီးချိန်တွင် အနှီးစိန်တစ်လုံးတွင် ပါဝင်သည့် အာဟာရကိစ္စကား အစာအိမ်က ဆက်လက် တာဝန်ယူပေလိမ့်မည် အကျယ်မချဲ့လိုတော့။

၅အရည်အချင်းများကပင် စိန်တစ်လုံးကို သရက် စျေးကွက်၏ မင်းသားကြီးဖြစ်နေစေရန် တွန်းပို့ပေးကြပြန်၏။ နေရပ်ဌာနေမှ တရုတ်ပြည်သို့ ကားစီး၍ခရီးနှင်၏။ ကိုရီးယား၊ စင်ကာပူသို့ လေယာဉ်စီး၍သွား၏။ ပြင်သစ်သို့သင်္ဘောကြီးဖြင့် သွားသည်ဆို၏။ ပြည်တွင်း၌ကား စျေးကွက်ရှိရာသို့ သင့်ရာနည်းဖြင့်သွားကြလေ၏။ သို့ရာတွင် ပြည်ပ၏ဝယ်လိုအားကို လောက်ငအောင် ဖြည့်တင်းပေးနိုင်ခြင်းမရှိသလို ပြည်တွင်း၌ လည်း ဝအောင်မစားကြရသေး။ အချို့မှာ မကြားဖူး၊ မစားဖူး သည့်ဘဝတွင်ပင် ရှိကြသေး၏။ စိန်တစ်လုံး၏ စျေးကွက်သည် ကား ၅၂မျှကြီးမားပေစွ။

၅၂သည်တို့ကား စိန်တစ်လုံးသရက်သီး၏ ကောင်းခြင်းလက္ခဏာများနှင့် ထုတ်လုပ်သူတောင်သူများအနေဖြင့် ပြည်တွင်းပြည်ပ အနာဂတ်စျေးကွက်အတွက် မျှော်လင့်အားထားရာ အလားအလာကောင်းများပင်ဖြစ်၏။

အရောင်အဆင်း အနံ့အရသာအားဖြင့် ပြိုင်ဘက်ကင်းသည့် စိန်တစ်လုံးသရက်သီး၏ အားသာချက်များကို ပြောခဲ့ပြီးဖြစ်၍ သူ၏အားနည်းချက်များ ဘက်လှည့်လိုသေး၏။ ၅၂အကြောင်းများသည် သရက်တောင်သူများ စတင်စိုက်ပျိုးသည့်အချိန်မှ စျေးကွက်အသီးသီးသို့ ရောက်ရှိချိန်အထိ ရာသီတိုင်း အထူးဂရုပြု လိုက်နာလုပ်ဆောင်နေကြရမည့် လုပ်ငန်းစဉ်များဖြစ်ကြ၍ သုတေသနပညာရှင်များ၊ သရက်နှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံများလွန်းသည့် ဆရာကြီးများ၏ ဆွေးနွေးချက်များအပေါ် မူတည်၍ပြောမှသာ ခိုင်မာလိမ့်မည်ဟု ယုံကြည်ပါ၏။

၅၂သို့ ပညာရှင်များ၊ ဆရာကြီးများ၏ ဆွေးနွေးချက်များကို ကိုးကားနိုင်မည့် အခွင့်အရေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ရက်တို့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် မြန်မာ့သရက်စျေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တောင်သူပညာ ပေးဆွေးနွေးပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းက ရရှိခဲ့လေ၏။

နှစ်ရက်တာ ဆွေးနွေးချက်တွေက အတိုင်းအတာတစ်ခုအထိ မျှားနေတာမို့ ကောက်နုတ်ပြီးတော့ပဲ ပြောပါရစေ။ သရက်လောကမှာ အချေအတင်ဆွေးနွေး နေကြဆဲဖြစ်တဲ့ အစေ့စိုက်နဲ့ကိုင်းဆက်စိုက်နှစ်မျိုးမှာ ပညာရှင်တွေနဲ့ ဆရာကြီးတွေက အရည်အသွေးကောင်းတဲ့ ပြည်ပပို့ကုန်အတွက် ကိုင်းဆက်စိုက်ပျိုးခြင်းကို အလေးပေးကြတာ တွေ့ရပါတယ်။ တောင်သူတစ်ဦးကတော့ သူ့အတွေ့အကြုံအရ အစေ့စိုက်ပင်ကို ဇောင်းပေးဆွေးနွေးသွားတာ တွေ့ရပါတယ်။

စိန်တစ်လုံးသရက်မျိုးသန့်ကိုင်းဆက်စိုက်ခင်းကို တွေ့ရစဉ် ဓာတ်ပုံ-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

ဒီဆွေးနွေးချက်တွေက တောင်သူတွေအတွက် ဝမ်းမြောက်ဖွယ်စကားတွေပါ။ ကိုင်းဆက် စိုက်ပျိုးထားသူတွေ အတွက် ရွေးချယ်မှုမှန်တယ်လို့ ပြောနိုင်သလို အစေ့စိုက်သူတွေအတွက်လည်း မှားသွားပြီလို့ နောင်တရနေစရာ အကြောင်းမရှိလို့ပါ။ အပေါ်မှာစကားခံခဲ့သလို စျေးကွက်လိုအပ်ချက် ကြီးမားနေတာ ကလည်း ရွေးချယ်မှုနှစ်မျိုးစလုံး အတွက် အားတက်စရာအချက်တစ်ခုပါ။

ဒီအချက်ကို သရက်ဆရာကြီးတစ်ယောက်နဲ့ နှစ်ကိုယ်ကြားဆွေးနွေးခဲ့တဲ့ အချက်လေးလည်း ပြောလိုပါသေးတယ်။ အရည်အသွေးကောင်း သရက်သီးရဖို့ ကိုင်းဆက်ပင်က သေချာတယ်ဆိုတာတော့ ဟုတ်ပါပြီ၊ အစေ့စိုက်ထားတဲ့ အပင်ငယ်တွေကို ကိုင်းဆက်ပင်အရွယ်လောက်ပဲ ကြီးခွင့်ပေးမယ်ဗျာ၊ မရနိုင်ဘူးလားဆိုတော့ အစေ့စိုက်က အပင်ဘက် အားသန်တတ်လို့ ကိုင်းဖြတ်၊ ခေါင်းဖွင့် နှစ်စဉ်လုပ်ပေးရင်တော့ ရပါတယ်တဲ့။ ဒါဆိုရင် ဘယ်လိုနည်းနဲ့စိုက်စိုက် သရက်ပင်ကို လိုချင်တဲ့အရွယ်၊ လိုချင်တဲ့ ကိုင်းအရေအတွက်ရအောင် ကိုင်းဖြတ်၊ ခေါင်းဖွင့်နည်းတွေနဲ့ ထိန်းထားပေးနိုင်မယ်ဆိုရင် စိုက်နည်းနှစ်မျိုးကို အနီးစပ်ဆုံးအထိ တန်းညီပေးနိုင်ပြီလို့ ဆိုရမှာပါ။

ဆွေးနွေးချက်တွေအရတွေ့ရတဲ့ နောက်ထပ်အားနည်းချက်တွေကတော့ ဖျက်ပိုးတွေက အခြားမျိုးကွဲသရက်တွေထက် စိန်တစ်လုံးသရက်ပင်ကို ပိုကြိုက်ကြတယ်။ ရောဂါပိုးကျလွယ်တယ်၊ ရောဂါထူတယ်၊ တစ်ပင်ချင်းစီရဲ့သီးနှန်းနည်းတယ်ဆိုတာတွေပါပဲ။ အခြားမျိုးကွဲသရက်တွေထက် ပြုစုစောင့်ရှောက်ရတာပိုများလို့ တော်ရုံအကုသိုလ်နဲ့ စိန်တစ်လုံးစိုက်တောင်သူ မဖြစ်နိုင်ဘူးလို့ အချင်းချင်းနောက်ပြောင်ပြောဆိုနေကြတာလည်း ကြားခဲ့ရပါသေးတယ်။

ဖျက်ပိုးတွေထဲမှာ ပင်စည်ထိုးပိုးကတော့ အပင်ကို သေသည်အထိ ဒုက္ခပေးတတ်တာဆိုတော့ ဂရုတစိုက် ကာကွယ်နှိမ်နင်းဖို့လိုပါတယ်။ ဒါကတော့ ပင်စည်အပွေး တက်တဲ့အရွယ်ကစလို့ ဘော်ဒိုဖျော်ရည် ပုံမှန်သုတ်လိမ်း ပေးတာနဲ့ ပင်စည်မှာပိုးချေးပေါက်တွေ့အောင်ရှာပြီး ရအောင် နှိမ်နင်းတဲ့နည်းပါပဲ။ ဘော်ဒိုသုတ်လိမ်းပေးခြင်းက ပင်စည် အခေါက်ကွဲရောဂါအတွက်လည်း ကာကွယ်ကုသရာရောက်ပါတယ်။ အခြားကျရောက်တဲ့ ဖျက်ပိုးတွေပေါ်မူတည်ပြီးတော့ လည်း သင့်တော်တဲ့ပိုးသတ်ဆေးတွေ သုံးပေးရပါမယ်။

နောက်တစ်ချက်ကတော့ သရက်ပင်မှာကျရောက်တဲ့ ရောဂါအများစုဟာ မှိုကြောင့်ဖြစ်တဲ့ ရောဂါတွေပါပဲ။ အပင် ငယ်ရွယ်စဉ်အချိန်ကစ ဖူးပွင့်ချိန်၊ သီးကင်းဝင်ချိန်၊ ရင့်မှည့်ချိန်၊ ခူးဆွတ်ချိန်အထိ မှိုရောဂါတွေကျရောက်တတ်ပါတယ်။ ဒါကို တော့ ကော့ပါးပါတဲ့မှိုသတ်ဆေးကို ဇီဝကမ္မဖြစ်စဉ်တိုင်းမှာ ဖျန်ပေးရပါမယ်။

သရက်ပင်ဆီက လူတွေလိုချင်တာ အသီးပါ။ အခြား သရက်တွေကတော့ အရွယ်ရောက်ပြီဆိုရင် ပြုစုမှုနည်းရင်လည်း ပုံမှန်သီးတတ်ကြပါတယ်။ သီးနှန်းလည်း ကောင်းကြတယ်။ စိန်တစ်လုံးကတော့ ဒီလိုမဟုတ်ပြန်ဘူး။ သူ့ရဲ့ထူးခြားချက်က အသီးရနိုင်ဖို့ ကိုင်းသစ်တစ်ကြိမ်ထွက်ရမယ်။ ထွက်လာတဲ့ကိုင်းသစ်က သက်တမ်းလေးလရှိရမယ်။ အဲဒီသက်တမ်းက အဖူးထွက်ချိန်နဲ့ကိုက်ရမယ်လို့ ဆိုပါတယ်။

ဒီလိုဆိုတော့ ကိုင်းသစ်ထွက်ဖို့ ကိုင်းဖြတ်တာကို မလွဲမသွေလုပ်ရမယ်။ ကိုင်းဖြတ်ချိန်ကလည်း အဖူးထွက်မယ့် ရာသီထက် လေးလစောပြီးဖြတ်ရမယ်လို့ တွေးတတ်ရပါမယ်။ ကိုင်းဖြတ်ခြင်းကို အခုလိုတိတိကျကျ လုပ်တယ်ဆိုရင်တောင် အစာကျွေးရာမှာ အများလိုအာဟာရထဲက နိုက်ထရိုဂျင်မျိုး သွားရင်လည်း အဖူးထွက်ချိန်မှာ အဖူးအစားအရွက်တွေ ထွက်လာတယ်လို့ ဆိုပြန်တယ်။ အဲလိုဖြစ်လာရင်တော့ အသီးမြင်ရဖို့ နောက်တစ်နှစ် ထပ်စောင့်ပေဦးဆိုတဲ့ သဘောပါ။ ဒီတော့ကိုင်းသစ်ယူဖို့ သရက်ကိုင်းတွေကို ဖြတ်တဲ့အချိန် နောက်ပိုင်းမှာ အပင်ကို နိုက်ထရိုဂျင်မကျွေးမိဖို့ သတိပြုရမှာပါ။

အသီးအတွက်ရေပေးတာကို အသီးကင်းမီးခြစ်ဆံခေါင်း လောက်အရွယ်မှာမှ စပေးရပါမယ်။ တစ်ဆက်တည်းပဲ သရက်သီးတွေ အမြောက်အမြား ပျက်စီးစေနိုင်တဲ့ သီးထိုးယင်အကြောင်း ပြောလိုပါတယ်။ သီးထိုးယင်ကတော့ သရက်သီးမှမဟုတ်ပါဘူး။ ကျန်တဲ့ သစ်သီးမျိုးစုံကိုလည်း ဖျက်ဆီးနေတဲ့ ယင်ကောင်တစ်မျိုးပါ။ အဲဒီယင်ကိုနှိမ်နင်းတဲ့ နည်းကတော့ အထီးနဲ့အမကို မတူညီတဲ့နည်းတွေနဲ့ နှိမ်နင်းရပါတယ်။ ဘယ်လိုနှိမ်နင်းတယ်ပြောပြော အသီးအိတ်စွပ်တာကို မလွဲမသွေလုပ်ရမယ်လို့ ပညာရှင်တွေနဲ့ဆရာကြီးတွေက ပြောနေကြတော့ နှိမ်နင်းနည်းတွေ မပြောလိုတော့ပါဘူး။ အသီးအိတ်စွပ်တာကိုပဲ ပြောပါတော့မယ်။

အိတ်မစွပ်ခင် အသီးတွေကို ပိုးသတ်ဆေးနဲ့မှိုသတ်ဆေး ဖျန်းပေးရပါမယ်။ အိတ်စွပ်ရမယ့်အရွယ်ကတော့ အသီး ခူးဆွတ်ချိန်အထိ မှိုရောဂါတွေကျရောက်တတ်ပါတယ်။ ဒါကို တော့ ကော့ပါးပါတဲ့မှိုသတ်ဆေးကို ဇီဝကမ္မဖြစ်စဉ်တိုင်းမှာ ဖျန်ပေးရပါမယ်။

ဒီလိုပဲ ကိုင်းသစ်ထွက်ဖို့ ကိုင်းဖြတ်ခြင်းကို ကျွန်တော်တို့ ကိုယ်တိုင် ကိုင်ကြည့်ကြတယ်။ ကိုင်းဖြတ်ပြီးတဲ့ ကိုင်းတွေ ကို

ပန်းခင်းပွဲတော်(၂၀၁၇) ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာ ဥယျာဉ်၌ ကျင်းပမည်

အများပြည်သူများ ပန်းမန်အလှစိုက်ပျိုးခြင်းကို လက်တွေ့လေ့လာနိုင်စေရန်နှင့် စိုက်ပျိုးနည်းပညာရပ်များ ဖြန့်ဝေပေးနိုင်ရန်၊ ဒေသနှင့် ကိုက်ညီသော ပန်းမန်မျိုးသစ်များ အရည်အသွေး ကောင်းမျိုးများကို ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ မိမိအိမ်ခြံဝင်းအတွင်း ပန်းမန်အလှပင်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေနှင့် စိတ်အပန်းဖြေမှု ရရှိစေရန်တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် AGA Agro Co, Ltd. တို့ ပူးပေါင်းကျင်းပမည့် ပန်းခင်းပွဲတော်(၂၀၁၇) ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာ ဥယျာဉ်အတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၂ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ပန်းခင်းပွဲတော်တွင် ရာသီပန်းအမျိုးအစား ၂၀၊ ဟင်းခတ်အမွှေး အကြိုင်ခုနစ်မျိုး၊ ဟင်းသီးဟင်းရွက်မျိုးသစ်နှစ်မျိုးနှင့် အပင်နှစ်သောင်းကျော်ရှိ အခြားစိတ်ဝင်စားဖွယ်ရာ သီးနှံမျိုးစုံတို့ကို စိုက်ပျိုးပြသထားမည်ဖြစ်သည်။

ပြပွဲသို့ လာရောက်လေ့လာသော အများပြည်သူများအတွက် မိမိတို့နှစ်သက်ရာ မျိုးစေ့ ပျိုးပင်၊ စိုက်ပျိုးရေးသုံးဆေးများ၊ မြေဩဇာများ၊ ပုံပိုးပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်စေရန်နှင့် လေ့လာနိုင်ရန်အတွက် ပညာပေးအရောင်းဆိုင်ငယ်များ ဖွင့်လှစ်ထားရှိပေးသွားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း လာရောက်လေ့လာသူများအား အခြေခံစိုက်ပျိုးနည်းပညာများ ဆွေးနွေးပြသပေးခြင်း၊ ပန်းအလှထိုးနည်းနှင့် သစ်သီးပုံဖော်နည်းများ သရုပ်ဖော်ပြသခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

ရွှေဘိုပေါ်ဆန်းစပါးမျိုးအား ဒေသထွက်ကုန် အကာအကွယ်ရရှိရေး အလုပ်ရုံဆွေးနွေး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန)နှင့် ပညာရေးဝန်ကြီးဌာန (အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန)တို့ ပူးပေါင်းဆောင်ရွက်သည့် ရွှေဘိုပေါ်ဆန်းစပါးမျိုးအတွက် ဒေသထွက်ကုန် အကာအကွယ်ရရှိရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း) စုဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ တင်ထွင့်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းတို့က ပေါ်ဆန်းစပါး(ပေါ်ဆန်းဆန်)သည် မြန်မာနိုင်ငံ၏ မိရိုးဖလာ ရှေးယခင်ကတည်းက စိုက်ပျိုးသည့် အရည်အသွေးကောင်း စပါးမျိုးဖြစ်ပြီး ရှေးယခင်အစဉ်အလာအရ မိုးကောင်းသောက်ဒေသများ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုး၍ ယခုအခါ ပေါ်ဆန်း စပါး(ပေါ်ဆန်းဆန်)ကို ရွှေဘိုကဲ့သို့သော ဆည်ရေသောက်ဒေသများတွင် စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်း၊ မျိုးစေ့ဘဏ်၌ စုဆောင်းထိန်းသိမ်းထားသော ပေါ်ဆန်းဗီဇကွဲမျိုးကွဲ ၁၀၀ ကျော်ကို ရွေးချယ်၍ ရွှေဘိုဒေသနှင့် သင့်လျော်သော မျိုးတစ်မျိုးကို ဖြန့်ဖြူးခဲ့ရာ ယခုအခါ ဧကများစွာ စိုက်ပျိုးနေကြပြီ ဖြစ်ကြောင်း၊ ရွှေဘိုနယ်၌ စိုက်ပျိုးထားခြင်းကြောင့် ရွှေဘိုပေါ်ဆန်း အမည်တွင်နေသည့် ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ဒေသထွက်ကုန် အကာအကွယ်ရရှိရေး ပြုလုပ်ရန် လိုအပ်လာခြင်းကြောင့် ယခုကဲ့သို့ ဝန်ကြီးဌာနသုံးခု ပူးပေါင်း၍ ဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ မြန်မာ့မိရိုးဖလာစပါးမျိုး ဗီဇအရင်းအမြစ် အမွေအနှစ်များ ထိန်းသိမ်းရန်၊ စပါးမျိုးမွေးမြူသူ (Rice Breeder) များအတွက် ပေါ်ဆန်း စပါးဗီဇကွဲမျိုးများ အသုံးချခြင်းအားဖြင့် စပါးမျိုးသစ်များ ထုတ်လုပ်နိုင်ရန် ရွှေဘိုဒေသရှိတောင်သူများ ဒေသထွက်ကုန် အကာကွယ်ရရှိခြင်းအားဖြင့် ခိုင်မာသောစျေးကွက်ရရှိရန်နှင့် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအတွက် ကုန်အမှတ်တံဆိပ်ခိုင်မာ၍ နိုင်ငံတကာစျေးကွက်အထိ ကျယ်ပြန့်လာစေရန်ဖြစ်ပြီး အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (စားသုံးသူရေးရာဦးစီးဌာန)နှင့် ပညာရေးဝန်ကြီးဌာန (အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန) စသည့် ဝန်ကြီးဌာနသုံးခုမှ ပညာရှင်များနှင့် ရွှေဘိုခရိုင် ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းမှ လုပ်ငန်းရှင် ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရူပဗေဒ)

ခြွေလေ့စုက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့်စစ်တမ်းကောက်ယူမှုကွင်းသရုပ်ပြ

ခြွေလေ့စုက်ဖြင့် မိုးစပါးစံကွက် (ကောင်းကိုယ်စားပြု) ရိတ်သိမ်းခြင်းနှင့်စစ်တမ်းကောက်ယူမှု ကွင်းသရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာအုပ်စု ပလောင်ကျေးရွာတောင်သူဦးတင်အောင်၏ လယ်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိုးစပါးစံကွက်သည်မနောသုခမျိုးဖြစ်ပြီး (ရွှေလောင်းစိုက်ပျိုးရေး‌ခြံ) ဝါးခယ်မမြို့နယ်မှ မှာယူစိုက်ပျိုးခြင်းဖြစ်ပြီး မိုးစပါးစံကွက် ဝ ဒသမ ၁၀ ဧကကို စတင်ရိတ်သိမ်းခြွေလေ့ခဲ့ရာ တစ်ဧကအထွက်နှုန်း အရိုး ၁၁၂ တင်း ထွက်ရှိခဲ့ကြောင်း တောင်သူဦးတင်အောင်က ပြောသည်။ ခြွေလေ့စုက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် စစ်တမ်းကောက်ယူမှု ကွင်းသရုပ်ပြပွဲအခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆားလင်းကြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်မှူး ဒေါ်သဇင်အောင်နှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကျော်နိုင်နှင့် ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ကျေးရွာများမှတောင်သူဦးကြီးများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

အရည်အသွေးပြည့်ဝသော စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ရေး ဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် စိုက်ပျိုးသီးနှံထုတ်ကုန်များ အရည်အသွေးစံနှုန်း ပိုမိုကောင်းမွန်ပြည့်ဝရေးနှင့် လယ်ယာကဏ္ဍတွင် အခြေခံကျသော တောင်သူလယ်သမားများ ရာသီအလိုက် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရာတွင် မျိုးကောင်း၊ မျိုးသန့်စိုက်ပျိုးနိုင်ပြီး အထွက်နှုန်းတိုး ဝင်ငွေကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အခြေခံသော တိုင်းဒေသကြီးဖြစ်သဖြင့် လယ်ယာလုပ်ကိုင်သော တောင်သူများ ရာသီအလိုက် စိုက်ပျိုးသီးနှံများ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးစံနှုန်းပိုမိုကောင်းမွန်ရေး၊ ထုတ်လုပ်မှုနည်းစနစ်မှန်ကန်ပြီး စရိတ်သက်သာစေရေး၊ အကျိုးအမြတ်ဝင်ငွေကောင်းမွန်ရေး၊ ပိုးသတ်ဆေးကင်းစင်သော သီးနှံများ ထုတ်လုပ်စိုက်ပျိုးနိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများတွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရန် အရည်အသွေးပြည့်မီသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်များရှိ စိုက်ပျိုးရေး ဝန်ထမ်းများက အသိပညာပေးဆောင်ရွက်ကြရန်နှင့် သီးနှံများအထွက်တိုးစေရန် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ပြီး ဆွေးနွေးမှုများအပေါ်ခရိုင်/မြို့နယ်အလိုက် တာဝန်ရှိသူများက ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

တောခရမ်းချဉ်သီးပေါ်ခိုန်ဈေးကောင်းရ၍ စိုက်ပျိုးတောင်သူများအဆင်ပြေ

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် ခွေးခြေရာသီးခေါ် တောခရမ်းချဉ်သီးများ ဖြစ်ထွန်းပြီး ခရမ်းချဉ်သီးပေါ်ခိုန်တွင် ဈေးကောင်းရ၍ စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကနီမြို့နယ်တွင် တောခရမ်းချဉ်သီးများကို ကျေးရွာအတော်များများ စိုက်ပျိုးကြရာ လယ်ရှည်ကျေးရွာအုပ်စုအတွင်းကျေးရွာများတွင် ခရမ်းချဉ်ကို နှစ်စဉ်စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

"ဒီနှစ်က နောက်ပိုင်း မိုးများလို့ အသီးအားက အရင်နှစ်က လောက်တော့ မသီးဘူး။ အရင်နှစ်က ခရမ်းချဉ်လှိုင်လှိုင် ပေါ်ခိုန်တွင် တစ်ပိသာမှ ခုနှစ်ရာ၊ ရှစ်ရာ ကျော်သာရရှိခဲ့ပါတယ်။ ဒီနှစ်တော့ ခရမ်းချဉ်အထွက်နည်းပေမယ့် အခု သီးနှံပေါ်ကာစက ခရမ်းချဉ်သီး တစ်ပိသာကို ဖောက်သည်သွင်းဈေး ၂၀၀၀ ကျော်အထိ ရကြပါတယ်" ဟု လယ်ရှည်ကျေးရွာမှ ခရမ်းချဉ်စိုက် တောင်သူ ဦးပြားက ပြောသည်။

"ဒီခွေးခြေရာသီးခေါ် တောခရမ်းချဉ်များကို မိုးတွင်းကာလ ဝါခေါင်လပြည့်ကျော်နှင့် တော်သလင်းလဆန်းပိုင်းတွင် ကျွန်တော်တို့ရွာနဲ့ အနီးအနားရွာများကတော့ စတင် စိုက်ပျိုးကြတာ ဖြစ်ပါတယ်။ စိုက်ပြီးချိန်မှ နှစ်လအတွင်း စတင်ကောက်ယူနိုင်တဲ့အတွက် အခြားသီးနှံလောက် အချိန်မကြာဘဲ ငွေချက်ချင်းပေါ်တဲ့အတွက် ကျွန်တော်တို့ တောင်သူတွေ စိုက်ပျိုးသင့်တဲ့ စိုက်ပျိုးသီးနှံဖြစ်ပါတယ်" ဟု ၄င်းက ဆက်လက်ပြောသည်။

သန်းဌေးအောင်(ကနီ)

ရော်ဘာသီးနှံ နည်းပညာအခြေခံ ဆင့်ပွားသင်တန်းဖွင့်

ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ရော်ဘာသီးနှံနည်းပညာအခြေခံ ဆင့်ပွားသင်တန်းကို ဒီဇင်ဘာလ တတိယပတ်က စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားကာ ပြည်နယ်ဦးစီးမှူးဦးဝင်းလှိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ် ခုနစ်မြို့နယ်ရှိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းတွင် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတုဓာတ်ကြွင်းကင်းစင်သည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေး

အစားအစာ ဘေးကင်းလုံခြုံစိတ်ချမှု ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ဖြစ်ရေး၊ ဓာတုဓာတ်ကြွင်းကင်းစင်ပြီး ဈေးကွက်ဝယ်လိုအားမြင့်သော အရည်အသွေးပြည့်ဝကောင်းမွန်သည့် သီးနှံ စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ရေးကို ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် အစားအသောက် ဘေးကင်းလုံခြုံရေးအစီအစဉ် GAFSP ၏ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးကြသည်။

ထို့အပြင် တက်ရောက်လာကြသူများက လယ်ယာဖွံ့ဖြိုးရေး၊ တောင်သူပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးနှင့် နည်းပညာအကူအညီများမျှဝေခြင်း လုပ်ငန်းများကို နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း ကောင်း၊ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်သင်တန်းများ ဆောင်ရွက်ပေးရန်လိုအပ်ချက်များ လည်းကောင်း၊ လယ်ယာကဏ္ဍဆိုင်ရာ အသိပညာ၊ အတတ်ပညာများဖွံ့ဖြိုးစေရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို လည်းကောင်း၊ FAO ၏ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လယ်ယာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ အမြဲတမ်း အတွင်းဝန် ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ USAID, FAO, ADB, Lift-Fund,ADS/GAFSP team တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် အမြဲတမ်း အတွင်းဝန်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

ကလေးမြို့နယ်တွင် ပျက်စီးလယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ကူညီ

ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ်က မကြုံစဖူးဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုကြောင့် လယ်ယာမြေများပျက်စီးခဲ့ရပြီး စပါးသီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိတော့သော လယ်ယာမြေများကို ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၁၆ ခုနှစ် ဇွန်လကုန်အထိ ထွန်စက်ကြီးအစီးရေ ၁၆၉ စီး အသုံးပြုကာ ပျက်စီးသွားသော လယ်ယာမြေများအနက် လယ်ယာမြေ ဧက ၃၂၀၀၀ ကို ပြန်လည်စိုက်ပျိုးနိုင်ရန် JICA အကူအညီဖြင့် လယ်ယာမြေ ပြန်လည် ဖော်ထုတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ယခုနှစ်တွင်လည်း မိုးစပါးစိုက်ပျိုးချိန်အထိ ပြန်လည်မစိုက်ပျိုးနိုင်သော ကျေးရွာခုနှစ်ရွာမှ လယ်ယာမြေဧက ၄၀၄၂ ဧကကို ဆောင်းသီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ထွန်စက်ကြီးအစီးရေ ၄၆ စီးဖြင့် လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ခြင်း၊ မြေတူးစက်အသေးလေးစီးဖြင့် သစ်တုံးဖယ်ခြင်း လုပ်ငန်းနှင့် ကန်သင်းတင်မြေညှိခြင်း လုပ်ငန်းများကို ဒီဇင်ဘာ ၁ ရက်မှစ၍ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း ကလေးမြို့နယ် စက်မှုလယ်ယာ စခန်းမှ မြို့နယ်ဦးစီးဌာနမှူး ဦးဆန်းလင်းထံမှ သိရသည်။

ချင်းတွင်းသား

ကြံရာသီ ချက်ကြံသီးနှံစိုက်ရေးစနစ် ယှဉ်ပြိုင်စံပြကွက် တောင်သူပညာပေး သရုပ်ပြ

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သပြေကုန်းကျေးရွာအုပ်စုတွင် ၂၀၁၇-၂၀၁၈ ကြံရာသီ ချက်ကြံသီးနှံစိုက်ရေးစနစ် ယှဉ်ပြိုင်စံပြကွက် တောင်သူပညာပေး သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါသရုပ်ပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့် (စက်မှုသီးနှံ စိုက်ပျိုးပညာပေးရေး)၊ ဦးအေးကိုကို ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်နယ်နှင့်တိုင်း)၊ ညွှန်ကြားရေးမှူး(ကြံသီးနှံ)၊ ညွှန်ကြားရေးမှူး(ဝါသီးနှံ)၊ တိုင်း/ခရိုင်/ မြို့နယ်ဦးစီးဌာနမှူးများနှင့် မျိုးပွားခြံတာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က သရုပ်ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး တောင်သူများ၏ စိုက်ပျိုးကုန်ကျစရိတ် လျော့ကျစေရေးအတွက် အဓိကအရေးကြီးသည့် သွင်းအားစုများ လျော့ကျ၍ သဘာဝမြေသြဇာ၊ မြေဆွေးပုံထည့်သွင်းခြင်းဖြင့် တောင်သူစိုက်ခင်းများ၏ မြေဆီလွှာတိုးတက်ကောင်းမွန်ကာ အထွက်နှုန်းတိုးတက်ရရှိစေသဖြင့် ဝင်ငွေတိုးတက်ရရှိကြောင်း တောင်သူများအား စည်းရုံးဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော စိုက်ပျိုးတောင်သူများအား မြေဆွေးပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မိုးစပါးစံကွက်ရိတ်သိမ်း

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် မနောသုခ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၃ ရက်က ပျော်ဘွယ်မြို့နယ် ချောင်းမကြီးအုပ်စု ချောင်းမကြီးကျေးရွာအနီး မိုးစပါးစံပြ ၂၅ ဧက စိုက်ခင်းအနက်မှ တောင်သူ ဦးကျော် ပိုင်ဆိုင်သော စိုက်ခင်းတွင် ကျင်းပရာ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက စပါးစိုက်ပျိုးမှုနည်းပညာများ၊ အထွက်နှုန်းတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြပြီး တောင်သူ ဦးကျော် ပိုင်ဆိုင်သော မနောသုခမိုးစပါးစိုက်ခင်းမှ ၀ ဒသမ ၀၁ စံကွက်ကို ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာ မိုးစပါးအခြောက် ၁၀၄ ဒသမ ၆၈ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မိုးစပါးရိတ်သိမ်းရာတွင် ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်အသုံးပြုပါက လေလွင့်ဆုံးရှုံးမှုများနည်းပါးခြင်း၊ အချိန်တိုအတွင်းရိတ်သိမ်းခြွေလှေ့နိုင်ခြင်း၊ လုပ်သားရှားပါးမှုကို ပြေလည်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်းတို့ကို တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

ဆယ်စုနှစ်တစ်ခုကြာ မစိုက်ပျိုးနိုင်သည့် ကန်နီဒေသ နွေစပါးစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေ ပေးဝေမည်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၁၀ နှစ် ကျော်ကာလအထိ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် ကန်နီကျေးရွာ၌ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း ခရိုင် ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောသည်။

“မကျီးစုကျေးရွာအုပ်စု ကန်နီကျေးရွာမှာ ၁၀ နှစ်ကျော်ကာလအထိ စိုက်ပျိုးရေမရရှိလို့ နွေစပါးမစိုက်ပျိုးနိုင်ဘူးဆိုပြီး သတင်းကြားသိရ၍ ကွင်းဆင်းကြည့်ရှုပြီး နွေစပါးစိုက်ပျိုးလိုတဲ့ ဒေသခံတောင်သူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ကျေးရွာမှာ နွေစပါးစိုက်ပျိုးနိုင်တဲ့ ဧက ၂၁၀ လောက်ရှိပြီးတော့ ဧက ၂၀၀ လောက် နွေစပါးစိုက်ပျိုးမယ်ဆိုပြီး ကျေးရွာဒေသခံတောင်သူတွေက ပြောပါတယ်။ သူတို့ပြောတဲ့ နွေစပါးဧက ၂၀၀ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေ ပေးဝေသွားမှာ ဖြစ်ပါတယ်။

ဒီထက်ပိုပြီး နွေစပါးစိုက်ဧက တိုးတက်စိုက်ပျိုးမယ်ဆိုရင်လည်း စိုက်ပျိုးရေ ပေးဝေပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်မိုးကောင်းတဲ့အတွက် မိတ္ထီလာမြို့နယ် အတွင်းက မိတ္ထီလာကန်အပါအဝင် မုန်တိုင်း၊ ရှမ်းငယ်နဲ့ အခြားဆည်ကန်အားလုံး ရေပြည့်မှတ်ကိုရောက်ရှိခဲ့တာမို့ နွေစပါးအပြင် လာမယ့် ၂၀၁၇-၂၀၁၈ မိုးသီးနှံအတွက်လည်း စိုက်ပျိုးရေပေးဝေသွားနိုင်ပါတယ်”ဟု ခရိုင်ဆည်မြောင်းနှင့် ရေအရင်းအမြစ် စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

မကျီးစုကျေးရွာအုပ်စု ကန်နီကျေးရွာတွင် စိုက်ပျိုးရေမရှိသဖြင့် နွေစပါးမစိုက်ပျိုးနိုင်ခဲ့သည်မှာ ၁၀ နှစ်ကျော် နီးပါးရှိခဲ့ပြီး ယခုနှစ် စိုက်ပျိုးရေရရှိမည်ဖြစ်၍ နွေစပါးစိုက်ပျိုးနိုင်တော့မည်ဖြစ်ရာ ဒေသခံတောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိပြီး မိုးစပါးများ အမြန်ရိတ်သိမ်းပြီးစီးနိုင်ရေးနှင့် နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ညစ်ညမ်းမှု ကင်းဝေးစေရေး ဓာတုပိုးသတ်ဆေး သုံးစွဲမှု တားဆီးပေး

မှူခင်းသတင်းတိုများ

တောင်တွင်းကြီးမြို့ကန်တော်ကြီးကန်အတွင်း ကျောင်းဆရာမတစ်ဦး ရေနစ်သေဆုံး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ကန်တော်ကြီးကန်အတွင်း အလယ်တန်းပြဆရာမတစ်ဦး ရေနစ်သေဆုံးမှု ဒီဇင်ဘာ ၂၃ ဂက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သတင်းအရ မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်အေးမင်းထွန်းနှင့် တာဝန်ရှိသူများ သွားရောက်စုံစမ်းရာ သေဆုံးသူမှာ အလက(၃)ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သီတာအောင်(၅၅နှစ်)ဖြစ်ပြီး ပြင်ပဒဏ်ရာမရှိဘဲ ကန်တော်ကြီးကန် လူသွားလမ်းတောင်ဘက် ရေကန်အတွင်း အနောက်ဘက်အစပ်၌ အနောက်ဘက်ဦးခေါင်းပြု၍ မှောက်လျက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် တောင်တွင်းကြီးမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။
(၀၈၅)

ဝိုင်းမော်မြို့နယ်တွင် ဘိန်းဖြူများဖမ်းဆီးရမိ

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာ၌ မူးယစ်ဆေးဝါးများ ဒီဇင်ဘာ ၂၂ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များက ဝူယန်ကျေးရွာ ရပ်ကွက်(၁) ရွာလယ်လမ်းမတွင် ဆိုင်ကယ်စီးလာသူ မသန်းသန်းလှိုင်နှင့် လာမြာလေးတို့အား ရှာဖွေရာ ၄င်းတို့ထံမှ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက်(အလေးချိန် ၂၇.၂ ဂရမ်)ခန့်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေးချက်များအရ ဘိန်းဖြူများ လက်ခံမည့် မသန်းသန်းလှိုင်၏ခင်ပွန်း ဇော်လူးမှာ ဝူယန်ကျေးရွာစျေးအနီးတွင် စောင့်နေကြောင်းသိရှိရ၍ သွားရောက်ဖမ်းဆီးရာ ဇော်လူးကို ထပ်မံဖမ်းမိခဲ့သဖြင့် ၄င်းတို့သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။
ကိုရဲ

တရားမဝင်သစ်များနှင့် တူမီးသေနတ်တစ်လက်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

ပင်လည်ဘူးမြို့နယ် ကဘာကျေးရွာအနီး မံစီလေးတောအတွင်း၌ တရားမဝင်သစ်ထုတ်လုပ်နေကြောင်း သတင်းအရ တာဝန်ရှိသူများက ဝင်ရောက်ရှာဖွေရာမှ တရားမဝင်သစ်များနှင့် တူမီးသေနတ်တစ်လက်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်အောင်လတ်နှင့် အဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် စစ်မျိုးအောင်နှင့် သစ်တောဝန်ထမ်းများက သတင်းအရ မံစီလေးတောအတွင်း ဒီဇင်ဘာ ၁၉ ရက်က သွားရောက်ရှာဖွေစဉ် တရားမဝင်ထုတ်လုပ်ထားသော တမလန်းသစ် ဓားရွေတုံး သုံးတုံး(အလေးချိန် ၀ ဒသမ ၁၇.၄)တန်ခန့်၊ ဆိုင်ကယ်လေးစီးနှင့် တူမီးသေနတ်တစ်လက်တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကာ သစ်များကို မြို့နယ်သစ်တောဦးစီးဌာနသို့အပ်နှံထားကြောင်း၊ ပိုင်ရှင်မဲ့ဆိုင်ကယ်လေးစီးကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြအပ်နှံကာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပိုင်ရှင်မဲ့ တူမီးသေနတ်ကို ပင်လည်ဘူး မြို့မရဲစခန်းတွင် သိမ်းဆည်းထားကြောင်း သိရသည်။
ဦးရဲ(ကသာ)

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာလေ-ကျိုင်းလပ် ကားလမ်းမပေါ်တွင် ဆိုင်ကယ်စီးလာသူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ပြားကို ဒီဇင်ဘာ ၂၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ကျိုင်းလပ်မြို့ မိုင်းပါလျှိုးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မြင့်မြတ် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ တာလေ-ကျိုင်းလပ် ကားလမ်းမပေါ်၌ ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဦးအဘိယာ မောင်းနှင်ပြီးနောက်မှ အိုက်ခင်လ်ခမ်း လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ အိုက်ခင်လ်ခမ်း လွယ်ထားသော လွယ်အိတ်အတွင်းမှ WY စာတမ်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ အထုပ်တစ်ထုပ်၊ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားနှင့် အစိမ်းရောင်ဆေးပြားနှစ်ပြားစီ ရောနှောထားသော ၂၀၀ ပြားစီပါ သုံးထုပ်၊ စုစုပေါင်း ဆေးပြား ၈၀၀ ပြားကို ဖမ်းဆီးရမိခဲ့ကာ စစ်ဆေးနေစဉ်အတွင်း ဆိုင်ကယ်မောင်းနှင်သူ အဘိယာ ဆိုသူမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အိုက်ခင်လ်ခမ်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ အဘိယာတို့အား မိုင်းပါလျှိုးနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
မြင့်မိုရ်(တာချီလိတ်)

ICE မူးယစ်ဆေးဝါးနှင့် ဘိန်းစာမှုန့်များ ဖမ်းဆီးရမိ

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု ကမ်းငယ်ကျေးရွာ၌ မူးယစ်ဆေးဝါးများကို ဒီဇင်ဘာ ၂၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကမ်းငယ်ကျေးရွာနေ ဦးထွန်းယုံ၏ နေအိမ်၌ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဒုရဲမှူးညွန့်ဝင်းနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်နောက်ဖေးခန်းအတွင်းနှင့် နေအိမ်နောက်ဘက် သီဟိုပင်ခြေရင်း နေရာများမှ ICE မူးယစ်ဆေးဝါးဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲသဏ္ဌာန် အထုပ် ကိုးထုပ်(အလေးချိန် ၀ ဒသမ ၀၈ ကီလိုဂရမ်) နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ ဘိန်းစာမှုန့်ဟုယူဆရသော စိမ်းဝါရောင်အမှုန့် လေးထုပ်(အလေးချိန် ၀ ဒသမ ၁၆ ကီလိုဂရမ်)တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူ ထွန်းယုံအား ကျွန်းစုမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ရဲအုပ်ဇော်ဇော်ဦးက အမှုစစ်အဖြစ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
ရန်နိုင်(ပြန်/ဆက်)

ကလေးဝမြို့ဦး ရွှေမုဒ္ဓောစေတီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် အလှူရှင်များလိုအပ်နေ

ကလေးဝ ဒီဇင်ဘာ ၂၅

ကလေးဝမြို့ဦးတွင်တည်ရှိသည့် သမိုင်းဝင် ရွှေမုဒ္ဓောစေတီတော်ကြီးတွင် လုံးတော်ပြည့်ကြေးပြားခံရွှေပြားသင်္ကန်းတော်ကို ဂေါပကအဖွဲ့မှဦးဆောင်၍ တပေါင်းလဆန်းတွင် ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနီယပွဲတော်အမီ တတိယအကြိမ်အဖြစ် ကပ်လှူပူဇော်လျက်ရှိရာ အလှူရှင်များလိုအပ်လျက်ရှိကြောင်း ရွှေမုဒ္ဓောဘုရားဂေါပကအဖွဲ့မှ သိရသည်။

"စေတီတော်ကြီးဟာ တစ်နှစ်ကိုနှစ်ကြိမ် ပွဲတော်ရ စေတီတော်ကြီးဖြစ်ပြီး လာမယ့် တပေါင်းလဆန်း ၈ ရက်နေ့မှာ ကုန်းပေါ်မြေပြင်မှာ ဆိုင်ခန်းပွဲခင်းတွေနဲ့ပြုလုပ်တဲ့ ကုန်းပွဲနဲ့ ချင်းတွင်းမြစ်ထဲ လှေပြိုင်ပွဲအဖြစ် ကျင်းပတဲ့ ရေပွဲများကို စည်စည်ကားကားကျင်းပဖို့စီစဉ်ထားပါတယ်။ ဘုရားပွဲတော်အကြို မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို တပေါင်းလဆန်း ၂ ရက်မှ ၇ ရက်အထိ ကျင်းပမှာဖြစ်တဲ့အတွက် ဘုရားပွဲအမီ စေတီတော်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူနေတာဖြစ်ပါတယ်။ ရွှေသင်္ကန်းအတွက် အလှူရှင်တွေကတော့ လိုအပ်နေပါတယ်။ ကိုးလက်မပတ်လည် ရွှေပြားတစ်ချပ်ကို ကျပ်တစ်သောင်းနဲ့ ရွှေဆိုင်းကြီးတစ်ဆိုင်းကို ကျပ်ငါးသောင်းနှုန်းနဲ့ စွမ်းအားရှိသလောက် လှူဒါန်းနိုင်အောင် စီစဉ်ထားတာပါ"ဟု ရွှေမုဒ္ဓောဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဖိုးထိန်က ပြောပြသည်။

ရွှေမုဒ္ဓောစေတီတော်ကြီးကို ၁၉၉၈ ခုနှစ်က ကိုးလက်မပတ်လည် ရွှေပြား ၁၆၁၀ ပြား၊ ၁၉၉၉ ခုတွင် ရွှေပြား ၇၈၅ ပြားနှင့် ၂၀၀၁ခုတွင် ၈၁၂ ပြားကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ရွှေပြား ၃၂၀၈ ပြားကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း ကပ်လှူခဲ့ပြီး ယခုတတိယအကြိမ်တွင်လည်း ဒုတိယအကြိမ်ကဲ့သို့ လုံးတော်ပြည့်ကပ်လှူမည်ဖြစ်ကြောင်း သိရသည်။ ရှေးအဆက်ဆက်က ထုံးသင်္ကန်းတော်မှန်စီ ရွှေချအဆင့်မှ တမူးမြို့ ကလေးမြို့ ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့မှ စေတနာရှင်များ၊ အဝေးရောက် ကလေးဝနယ်သူ နယ်သားများ စုပေါင်း၍ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အောင်မြင်စွာ ရွှေသင်္ကန်းကပ်လှူနိုင်ခဲ့ကြပြီးနောက် ယခုတတိယအကြိမ်တွင်လည်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကပ်လှူမည့် ရွှေဆိုင်းများ၊ ရွှေချခန့်၊ ရွှေချပစ္စည်းများ၊ ငြမ်းဆင်ခဆပါအဝင် စုစုပေါင်း ကျပ် ၃၄၅ သိန်းကျော် ကုန်ကျမည်ဟု ဂေါပကအဖွဲ့က ခန့်မှန်းတွက်ချက်ထားပြီး လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအုန်း ဖုန်း - ၀၉-၅၅၆၁၃၀၃၄ နှင့် ဒုတိယဥက္ကဋ္ဌ ဦးဖိုးထိန် ဖုန်း - ၀၉-၅၅၆၁၅၅၅၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
မျိုးဝင်းထွန်း (မုံရွာ)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အစည်းအဝေးပြုလုပ်

ကျိုင်းတုံ ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျိုင်းတုံဟိုတယ်သစ်၌ ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့ပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးက အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ကျိုင်းတုံမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကာ World Vision International(Myanmar)မှ တာဝန်ရှိသူများက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ် အကြောင်းအရာများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်များနှင့်ပတ်သက်၍ World Vision မှ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ရန်ကုန်ကရင် အမျိုးသမီးနှစ်ခြင်းအဖွဲ့က ကျိုင်းတုံမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်ဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းရပ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေး ခဲ့ကြသည်။
အောင်ဇင်မြင့်(ပြန်/ဆက်)

ပုံတောင် နတ်ထိပ်တောင်ပတ်လမ်းတိုးချဲ့မှု မကြာမီပြီးစီးမည်

ပေါက် ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပုံတောင် နတ်ထိပ်တောင်ပတ်လမ်း တောင်ကမ်းပါးယံကားလမ်းကို ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန် အကျယ် ၃၄ ပေ တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ပုံတောင် နတ်ထိပ်တောင်ပတ်လမ်း ကမ်းပါးယံကားလမ်းသည် မတူပီ-မင်းတပ်-ကျောက်ထု-ပေါက်-ပခုက္ကူ ကားလမ်းမပေါ်တွင် တည်ရှိသည်။ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းဖြစ်ပြီး ပုံတောင် နတ်ထိပ်မှ တောင်ခြေ ကျောက်တံခါးကျေးရွာအနီးအထိ သုံးမိုင်ရှည်လျားကာ လမ်းတစ်လျှောက်တွင် တောင်တက်တောင်ဆင်း လမ်းကွေ့များ၊ မျက်ကွယ်အကွေ့များ ရှိနေသောကြောင့် ကုန်တင်ယာဉ်ကြီးများ၊ ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်များ သွားလာရာတွင် အခက်အခဲများရှိနေသလို မိုးတွင်းကာလတွင် တောင်ပြိုခြင်း၊ တောင်ကမ်းပါးယံ မြေလွှာများ လျှောကျခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း လမ်းကြောပိတ်ဆို့မှုများ ရှိခဲ့ကြောင်း၊ ယခင်နှစ်များက ခရီးသည်တင်မှန်လုံယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ အနက်ပေ ၃၀၀ ကျော်ရှိသည့်ချောက်ထဲ လျှောကျခဲ့ခြင်းကြောင့် ခရီးသည်များအသက်ဆုံးရှုံးမှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် တောင်ကမ်းပါးယံကားလမ်းကို အကျယ် ၁၂ ပေမှ ၃၄ ပေအထိ တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လမ်းချဲ့ခြင်းလုပ်ငန်းများကို ပေါက်မြို့နယ် လမ်းဦးစီးဌာနက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကာ လမ်းချဲ့ခြင်းအပြင် မြေထိန်းနံရံအရှည် ပေ ၂၅၀ တည်ဆောက်ခြင်းကိုလည်း ၂၀၁၆-၂၀၁၇ ခုနှစ် ပွင့်လင်းရာသီအတွင်း အချိန်မီပြီးစီးရေးအတွက် စနစ်တကျလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများပြီးစီးပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများနှင့် ချင်းတောင်ပေါ်ဒေသရှိ ခရီးသွားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး သွားလာရေးလွယ်ကူချောမွေ့စေမည်ဖြစ်သည်။ **ဥာဏ်တိုး(ပေါက်)**

ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးရွာလေးရွာ တစ်ပြိုင်တည်းလျှပ်စစ်မီးရရှိ

ရမည်းသင်း ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နဘူးကျင်းကျေးရွာအုပ်စုအတွင်းမှ ကန်ကြီးကျေးရွာ၊ သရက်ကန်ကျေးရွာ၊ ရမ္ဘတီကျေးရွာနှင့် သက်ကယ်ကျင်းကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုးမီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဒီဇင်ဘာ ၂၂ ဂက်တွင် တစ်ပြိုင်တည်း လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာလေးရွာမှ အိမ်ခြေ ၈၆၅ အိမ်တွင် မီတာအလုံး ၂၃၀ နှင့် အိမ်တွင်းဝိုင်ယာများ သွယ်တန်းတပ်ဆင်ထားပြီးဖြစ်သည့်အတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာလေးလုံး တည်ဆောက်တပ်ဆင်ထားမှုနှင့် ဓာတ်အားလိုင်းများ တပ်ဆင်မှုကို ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်းနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်တို့က ဒီဇင်ဘာ ၂၂ ရက်က သွားရောက်စစ်ဆေးပြီးနောက် ကျေးရွာလေးရွာသို့ တစ်ပြိုင်တည်း လျှပ်စစ်မီး ပေးခဲ့ခြင်းဖြစ်သည်။

မီးစတင်ရရှိအသုံးပြုနိုင်သည့်အတွက် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်းနှင့် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးရရှိသည့် ဖွင့်ပွဲအခမ်းအနားကို နေ့ကောင်းရက်မြတ်ရွေးပြီး အခမ်းအနား ကျင်းပသွားဦးမည်ဖြစ်ကြောင်း သက်ကယ်ကျင်းကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌထံမှ သိရသည်။ **တင်ဦး(ရမည်းသင်း)**

ထိုင်းနိုင်ငံ၌ ကျင်းပသည့် အရှေ့အာရှ မီသားစုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား/မ တန်းတူညီမျှရေးဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၅

အရှေ့အာရှ မိသားစုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား/မ တန်းတူညီမျှရေးဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံအား ဒီဇင်ဘာ ၂၂ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရှန်ဂရီလာ ဟိုတယ်၌ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့တက်ရောက်သည်။ အဆိုပါညီလာခံဖွင့်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် General Prayuth Chauocha က အဖွင့်မိန့်ခွန်း ပြောကြားကာဖွင့်လှစ်ပေးပြီးနောက် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနဝန်ကြီး Police General AdulSaengsingkaew နှင့် ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာနဝန်ကြီး Dr. Teerakiat Jareonsettasin တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် အရှေ့အာရှနိုင်ငံများ ဖြစ်သောအာဆီယံ ၁၀ နိုင်ငံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ တီမော လက်(စ်)တေ၊ သြစတြေးလျှနှင့် နယူးဇီလန် နိုင်ငံအသီးသီးနှင့် အာဆီယံ အတွင်းရေးမှူးရုံးတို့က မိမိတို့နိုင်ငံ အလိုက် မိသားစုဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည် သောလူ့အဖွဲ့အစည်းဖော်ဆောင်နေမှုအခြေအနေများ၊ ကျား/မ တန်းတူညီမျှရေး ဆောင်ရွက်နေမှုများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီအောင်မြင်ရေးဆောင်ရွက်သွားမည့် နည်းလမ်းများအားတင်ပြကြသည်။

မြန်မာနိုင်ငံအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေပြုမှု၊ နည်းဥပဒေနှင့် မူဝါဒများဖော်ဆောင်မှုနှင့် ကလေးသူငယ်ဘဝမှ သက်ကြီးရွယ်အို အထိမိသားစုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား/မ တန်းတူညီမျှရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ၊ အရှေ့အာရှ ဒေသအတွင်းရှိ နိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်မှုများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဆင်းပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲပြုလုပ်

ရေဦး ဒီဇင်ဘာ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ရေဦးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ဖွင့်လှစ်ပို့ချခဲ့သော ကျေးရွာအခြေပြု အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဆင်းပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

